# ကြေးမုံ

The Mirror Daily

Established in 1957


မင်္ဂိုလ်အကျိုးကို ရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 7 January 2020 ၉၈၈၇


# ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲ ကျင်းပ

## ပြည်တွင်း ပြည်ပမှ စာတမ်းရှင်ဆရာတော်ကြီး သုံးပါး စာတမ်းများဖတ်ကြား

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**သုတေသနနှင့် တီထွင်ဆန်းသစ်မှု**

ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အခါသမယ၌ ဆရာတိုင်း၊ ကျောင်းသားတိုင်း ကျန်းမာပျော်ရွှင်ရန် အရေးကြီးသည်နှင့်အညီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို လက်ကိုင်ထားလျက် သင်ယူတတ်မြောက်မှု မြင့်မားလာစေရေးအတွက် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၏ အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဘဒ္ဒန္တဒေါက်တာ ဓမ္မသာမိနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဤစာတမ်းဖတ်ပွဲ၏ အတိတ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်နည်းလမ်းများကို ရှာဖွေခြင်းခေါင်းစဉ်သည် ပညာရေးပြုပြင်ပြောင်းလဲမှုတွင်လည်း အတိတ်နှင့် ပစ္စုပ္ပန်၏ စွမ်းဆောင်ရည်များကို ပြန်လည်သုံးသပ်လျက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာစာတမ်းဖတ်ပွဲ ကျင်းပစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


မြန်မာကျပ်ငွေဖြင့် ကျောက်မျက်ရတနာများ ရောင်းချပွဲ၌ ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့် ရောင်းချနိုင်
စာမျက်နှာ » ၃

----------------------------

ကျောက်တန်းမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကမာကလုတ်/ ကရင်ချောင်ဓာတ်အားခွဲရုံ ဖွင့်လှစ်
စာမျက်နှာ » ၄

----------------------------

မြစ်ကြီးနားမြို့၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာမဟာဗျူဟာ ရှင်းလင်းဆွေးနွေး
စာမျက်နှာ » ၇


## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ပြည်သူလူထုလိုအပ်ချက် လွှမ်းခြုံဆောင်ရွက်

ပြည်သူလူထုအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်ရေးတွင် နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေးကဏ္ဍများအလိုက် အင်အားတောင့်တင်းခိုင်မာနေရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးသမိုင်းကြောင်းတွင် ပြည်သူ့ကျန်းမာရေးကို လွတ်လပ်ရေးရပြီးကာလမှစ၍ ကျေးလက်ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများရှိခဲ့ပါသည်။

မျက်မှောက်ကာလတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလမ်းစဉ် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များစသည်ဖြင့် ကျန်းမာရေးကဏ္ဍတွင် အဆင့်ဆင့်တိုးတက် ဖော်ဆောင်နေသည်ကို တွေ့ရပါသည်။ ပြည်သူလူထုအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေးမှာ ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းပမာဏဖြစ်သော်လည်း ကျန်းမာရေးစီမံချက်အမျိုးမျိုးကို ပြည်သူလူထုအတွင်း လွှမ်းခြုံအကောင်အထည်ဖော်နိုင်ရန် ထူးထူးခြားခြားကြိုးပမ်းအားထုတ်မှုများကို မြင်တွေ့ရ၍ ဝမ်းမြောက်မိပါသည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့ပြများတွင် ကုသမှုခံယူရန်လွယ်ကူသော်လည်း ကျေးလက်ဒေသများတွင် အခက်အခဲများရှိခဲ့ပါသည်။ ယခုအခါ ကျေးလက်ကျန်းမာရေးဌာနများ ဖြန့်ကြက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျေးလက်နေပြည်သူများအတွက် အရေးပေါ်ကျန်းမာရေးအခက်အခဲများကို ဖြေရှင်းနိုင်သရွေ့ ဖြေရှင်းပေးနိုင်ပြီဟု ဆိုရမည်ဖြစ်သည်။ သို့သော် ဝေးလံခေါင်သီပြီး သွားလာရခက်ခဲသည့် နယ်စွန်နယ်ဖျားဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အလှမ်းဝေးနေဆဲဖြစ်သည်။ အထူးသဖြင့် ထိုဒေသများတွင် တာဝန်ထမ်းဆောင်နိုင်မည့် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်ပင်ဖြစ်သည်။

ဝေးလံခေါင်သီသောဒေသများမှာ သွားလာရေးမလွယ်ကူသဖြင့် လူမှုဘဝရပ်တည်ရေးအတွက် အခက်အခဲများစွာရှိသည်။ ထိုခက်ခဲသောဒေသများတွင် ဒေသခံပြည်သူများအကျိုးကိုထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရနိုင်အောင် နိုင်ငံတော်ကသတ်မှတ်ပေးထားသည်။ ဝေးလံခေါင်ဖျားပြီး သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် နာဂ၊ ခနုံ၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုတို့တွင် လစာများအပြင် ဒေသစရိတ်များခံစားခွင့်ရရှိအောင် စီမံပေးထားသည်။ ထိုသို့ဖန်တီးဖော်ဆောင်ပေးသော်လည်း အဆိုပါဒေသများတွင် ပညာရေး၊ ကျန်းမာရေးစသည့် အဘက်ဘက်တို့၌ အခက်အခဲများရှိနေဆဲဖြစ်ရာ ဒေသလိုအပ်ချက်များအား ဖြည့်ဆည်းပေးမည်ဆိုသည့် စိတ်ရင်းစေတနာမှန်စွာဖြင့် ထမ်းဆောင်သူများ များလာလျှင် ပြည်သူများလိုအပ်ချက်များ ပြည့်စုံလာနိုင်သည်။

ဝေးလံခေါင်သီသည့်ဒေသများမှ တိုင်းရင်းသားလူမျိုးများ လူမှုဘဝမြှင့်တင်ပေးနိုင်ရန်အတွက် နိုင်ငံတော်ကနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးပညာရပ်များ၊ သင်တန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများအား စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးပြီး မိမိဒေသလိုအပ်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုများလုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများပေးလျက်ရှိသည်။ ပညာရေးကဏ္ဍဘက်တွင် အဆက်မပြတ်ဆောင်ရွက်ပေးနေသလို ကျန်းမာရေးကဏ္ဍတွင်လည်း ဆောင်ရွက်ချက်များရှိသည်။ သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများ သင်ကြားခွင့်ရသောလူငယ်များအား နိုင်ငံတော်ကလိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

သာဓကအားဖြင့် အဆိုပါဝေးလံသောဒေသများမှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူများအနက် ဆေးတက္ကသိုလ်အသီးသီးသို့ ဝင်ခွင့်ရသူများဆေးပညာများ သင်ကြားခဲ့ကြပြီး ၂၀၁၉ ခုနှစ်ကုန်တွင် ဆေးရုံအသီးသီးတွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြပြီး လက်ထောက်ဆရာဝန်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်သည်။ အဆိုပါ ဆရာဝန်သစ်လွင်များအနေဖြင့် မိမိတို့နေထိုင်ရာ နေရာဒေသများသို့ သွားရောက်၍ သင်ကြားထားသည့်ဆေးပညာ၊ ကျင့်ဝတ်များနှင့်အညီ မိမိတို့ဒေသရှိပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် နိုင်ငံတော်ကစီစဉ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် ပြည်သူလူထုလိုအပ်ချက်များကို တစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်ပေးရာ၌ မိမိဒေသမှ အသိပညာ၊ အတတ်ပညာတတ်မြောက်ကြသော ပညာတတ်လူငယ်များသည် မိမိဒေသလိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးခြင်းဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံဖွံ့ဖြိုးတိုးတက်လာမည့် အစီအမံများဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

### စပိန်နိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စပိန်နိုင်ငံ ဆဋ္ဌမမြောက်ဘုရင် ဖီလစ်ထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် စပိန်အစိုးရနှင့် ပြည်သူများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### ဘူတန်နိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာလိုတေး ရှားရင်းထံမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘူတန်အစိုးရနှင့် ဘူတန်ပြည်သူများကိုယ်စား မိမိအနေဖြင့် နွေးထွေးလှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘူတန်နိုင်ငံတို့သည် ကောင်းမွန်သောဆက်ဆံရေးကို မျှဝေခံစားလျက်ရှိပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် နှစ်နိုင်ငံအကြား အစဉ်အလာအရ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော်ကျန်းမာပျော်ရွှင်ပါစေကြောင်း မိမိအနေဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ရေဦးမြို့နယ်တွင် ဆရာ ဆရာမများနှင့် ကျောင်းသားများအား ကျောင်းဝတ်စုံပေးအပ်ခြင်းနှင့် ECG နှလုံးစမ်းသပ်စက် လှူဒါန်းပွဲ ကျင်းပ

**ရေဦး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အင်တောကျေးရွာအုပ်စု ပန်းကုန်းကျေးရွာတွင် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေပြာကျေးရွာ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော် အမှူးပြုလှူဒါန်းဆောက်လုပ်ခဲ့သော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်း ခုနစ်ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ် စုံနှင့် ECG နှလုံးစမ်းသပ်စက် ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။



ရေးဦးစွာ အခြေခံပညာကျောင်းပေါင်းခုနစ်ကျောင်းမှ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆုံးမဩဝါဒစကားများ နာကြားခဲ့ပြီး ဆရာတော်ကြီးက နယ်မြေအေးချမ်းသာယာစေရေးအတွက် မေတ္တာပို့အမျှပေးဝေခဲ့သည်။ ဆက်လက်၍ ဆရာတော်အမှူးပြုသော အောင်ဇမ္ဗူသာသနာပြုအဖွဲ့က ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့က ကျောင်းသား ကျောင်းသူ ၁၈၇၀ နှင့် ဆရာ ဆရာမများအား ကျောင်းဝတ်စုံများ ပေးအပ်ခဲ့သည်။ မွန်းလွဲပိုင်းတွင် ဆရာတော်ကြီးက ရေဦးမြို့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ် သိန်း ၈၀ တန်ဖိုးရှိ Model-1150 ECG နှလုံးစမ်းသပ်စက်တစ်လုံး ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ကျော်နိုင်က ကျေးဇူးစကားများ ပြန်လည်လျှောက်ထားခဲ့ကြောင်း သိရသည်။

**သန်းသန်း(ရေဦး)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

အနာဂတ်အတွက် စီမံကိန်းနှင့်မူဝါဒများချမှတ်ရန် အရေးပါပုံကို သတိပြုမိစေကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူဝါဒဖြင့် အရည်အသွေးရှိသော ပညာရေးကို လူတိုင်းသင်ယူခွင့်ရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရာတွင် ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ဘဝတစ်သက်တာ သင်ယူလေ့လာသူများ၏ အရည်အသွေးတိုးတက်လာစေရန် သင်ကြားသင်ယူမှု၊ လေ့ကျင့်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုမှအစပြု၍ သင်ယူမှုဝန်းကျင်ကောင်းများကို ဖန်တီးအားပေးလျက်ရှိကြောင်း ပြောကြားသည်။

**အဆင့်မြှင့်တင်လျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သုတေသနသည် တက္ကသိုလ်၏အသက်ဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးရေး (Research & Development) သည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုအတွက် အရေးပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ် ဆရာ ဆရာမ အားလုံးပါဝင်သော သုတေသနယဉ်ကျေးမှုကို အားပေးလျက် ပေါင်းစည်းသုတေသန (Research Integrity)ကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ သုတေသနဆောင်ရွက်ရာတွင် လှုံ့ဆော်မှု (Motivation)သည် အရေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် အသုံးချသုတေသနကို အားပေးလျက် ၂၀၁၈ ခုနှစ်မှစတင်၍ အရည်အသွေးအခြေပြု(Merit–based) ရာထူးတိုးစနစ်ကို စတင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်း ပြည်ပ ပညာရပ်စာစောင်များတွင် သုတေသနဆောင်းပါးများ နှစ်စဉ်ပါဝင်ရေးသားလျက်ရှိရာ တိုးတက်လာပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်းလျက် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး (Public–Private Partnership)ကို မြှင့်တင်လျက်ရှိသကဲ့သို့ ဒေသလုပ်သားဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စွမ်းရည်အခြေပြုကာလတိုနည်းပညာနှင့် သက်မွေးပညာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း၊ ထို့အတူ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ဘွဲ့သင်တန်းအသစ်များကို သက်ဆိုင်ရာတက္ကသိုလ်အလိုက် ဖွင့်လှစ်သင်ကြားနိုင်ရန် အားပေးလျက်ရှိကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် တိုင်းရင်းသားစာပေ လေ့လာမှုဘွဲ့သင်တန်းသစ် စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသကဲ့သို့ ကျောင်းများ၊ တက္ကသိုလ်များတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိကြောင်း၊ သင်ယူတတ်မြောက်ရေးအတွက် ထိရောက်သော ဆရာအတတ်သင်ပညာရေးသည် အရေးကြီးသဖြင့် နှစ်နှစ်သင်ပညာရေးကောလိပ်များကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်လျက်ရှိပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းသစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် သင်ရိုးများကို ပြုပြင်ရေးဆွဲလျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

**တက္ကသိုလ်ဖွဲ့စည်းပုံအသစ်များ**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍ ရန်ကုန်မြို့ရှိ တက္ကသိုလ် ခုနစ်ခုနှင့် မန္တလေးမြို့ရှိ တက္ကသိုလ်ခုနစ်ခုတို့ကို ကိုယ်ပိုင်လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရတက္ကသိုလ်များ (Autonomous Universities) ဖြစ်လာစေရန် အားပေးလျက်ရှိကြောင်း၊ မဟာဌာနကြီးများစနစ်ကို ကျင့်သုံးသည့် တက္ကသိုလ်ဖွဲ့စည်းပုံအသစ်များကို အတည်ပြုပြီးပါက တက္ကသိုလ်ပဋိညာဉ်များကို ညှိနှိုင်းပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များသည်လည်း သင်ယူမှုအရည်အသွေးမြင့်မားရေးနှင့် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပါမောက္ခချုပ်များကော်မတီသည်လည်း တက္ကသိုလ်များ၏ အရည်အသွေးတည်ဆောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက်ရှိကြောင်း၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များကို သူငယ်တန်း + ၁၂ သင်ရိုးသစ်များနှင့် လိုက်လျောညီထွေရှိစေရန်နှင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းရေးစွမ်းရည်၊ သင်ယူမှုစွမ်းရည်၊ ပုဂ္ဂိုလ်ရေးစွမ်းရည်နှင့် လူမှုစွမ်းရည်များ တိုးတက်လာစေရန် ပြန်လည်သုံးသပ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားများ၏ အပြုသဘောဆောင်သော ရှုမြင်မှု၊ အပြုသဘောဆောင်သော တွေးတောမှုနှင့် အပြုသဘောဆောင်သော စိတ်ခံစားမှုတို့ကို အားပေးလျက် ရည်မှန်းချက်ပန်းတိုင်၏ ပင်မတန်ဖိုးများ (Core Values of Goals) ဖြစ်ကြသော လူသားကောင်းဖြစ်မှု၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တီထွင်ဆန်းသစ်ဖန်တီးမှုတို့ဖြင့် မျက်မှောက်ကမ္ဘာကြီးအတွက် အကောင်းဆုံးဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိစေရန် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၁ ရာစုနှစ်တွင် အဆိုပါအရည်အသွေးများ မရှိလျှင် လူငယ်မျိုးဆက်၏ အများစုမှာ အလုပ်အကိုင်ကောင်းရရှိရန် ခက်ခဲသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်ကြောင်း၊ ထို့ကြောင့် ၂၁ ရာစုနှစ် အရည်အသွေးများကို ပိုင်ဆိုင်နိုင်ရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ ပါဝင်သောခံစားမှု အရည်အသွေး(EQ) နှင့် ဉာဏ်ရည်ဉာဏ်သွေး(IQ) တို့သည် လူတိုင်းအတွက် အရေးကြီးကြောင်း၊ ရန်ကုန်တက္ကသိုလ်၏ အတိတ်မှ အတွေ့အကြုံအရ အရည်အသွေးရှိသော သင်ယူမှုသည် ပညာရေး၊ သင်ကြားရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အဓိကကျကြောင်း၊ ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ် (၁၀၀) ပြည့်တော့မည်ဖြစ်ပြီး ရာပြည့်ဦးတည်ချက် (၅)ရပ်နှင့်အညီ အားစိုက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသကဲ့သို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ချက် (17 SDGs)နှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀) (NESP2021–2030)တို့ အောင်မြင်ရေးအတွက် သော့ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ဖြင့် ပိုမိုငြိမ်းချမ်းသော၊ ကျန်းမာပျော်ရွှင်သော သင်ယူမှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးလျက် ရန်ကုန်တက္ကသိုလ်ကို နိုင်ငံ၏ဂုဏ်ဆောင်တက္ကသိုလ် (Flagship University) ဖြစ်လာစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

**စာတမ်းများ ဖတ်ကြား**

ထို့နောက် ပြည်တွင်း ပြည်ပမှ စာတမ်းရှင်ဆရာတော်ကြီး သုံးပါးက စာတမ်းများအား ဖတ်ကြားခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ်တွင် ဇန်နဝါရီ ၆ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိရာ ပါမောက္ခဆရာတော်များနှင့် ပညာရှင်များက စာတမ်းခြောက်စောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာကျပ်ငွေဖြင့် ကျောက်မျက်ရတနာများ ရောင်းချပွဲ၌ ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့် ရောင်းချနိုင်



**နေပြည်တော် ဇန်နဝါရီ ၆**

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲပဉ္စမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၁၁၅၈ တွဲကို ငွေကျပ် ၂၃၅၆၁ ဒသမ ၄၀၃ သန်းဖြင့် ရောင်းချနိုင်သည်။

ယနေ့ရောင်းချပွဲတွင် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုကြပြီး ဈေးနှုန်းအဆိုပြုလွှာများရေးသား၍ သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၁၂၅၁)မှ အတွဲအမှတ် (၂၅၀၀) အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ၁၁၅၈ တွဲကို ငွေကျပ်၂၃၅၆၁ ဒသမ ၄၀၃သန်းဖြင့် ပြည်တွင်းရတနာကုန်သည်များထံ ရောင်းချနိုင်သည်။

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဇန်နဝါရီ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲအမှတ်(၂၅၀၁)မှ အတွဲအမှတ် (၃၆၉၅)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၉၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၂၀၀၀ ကျော် လာရောက်ခဲ့ပြီး ယနေ့အထိ ကျောက်မျက်အတွဲပေါင်း ၂၈၆ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၂၅၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲကိုးတွဲကို ငွေကျပ် ၃၆ ဒသမ ၉၁၈ သန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၂၃၅၀ တွဲကို ငွေကျပ် ၄၂၃၈၆ ဒသမ ၁၂ သန်းဖြင့်လည်းကောင်း ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးသူဟိန်း(သတင်းစဉ်)၊ ဓာတ်ပုံ – ကျော်ဇင်ထိုက်**



# နွေရာသီရေရှားပါးမှုမဖြစ်ပေါ်စေရေး စက်ရေတွင်းတူးဖော်

**ဂန့်ဂေါ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပုံတောင်၊ ပုံညာတောင်ဒေသ ကြက်ရိုးကျေးရွာအုပ်စု လယ်ခမ္မကျေးရွာတွင် နွေရာသီကာလ၌ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လယ်ခမ္မကျေးရွာ သောက်သုံးရေရရှိရေးလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၃၇ သိန်းဖြင့် ၄ လက်မ x ပေ ၅၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ နှစ်လက်မ PVC ပိုက်လိုင်း ပေ ၅၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ် လယ်ခမ္မကျေးရွာသည် ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် စိမ့်စမ်းရေအရင်းအမြစ်များ ခန်းခြောက်ခြင်းနှင့် ကျေးရွာတွင်းရှိ လက်တူးတွင်းနှင့် တွင်းတိမ်များမှာ ရေလုံလောက်မှုမရှိခြင်းတို့ကြောင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်ခဲ့ရပြီး အဆိုပါ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ လူနေအိမ်ခြေ ၆၇ အိမ်၊ လူဦးရေ ၃၀၈ ဦးနှင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများအတွက် သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**

# ကျောက်တန်းမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံ ဖွင့်လှစ်



**နေပြည်တော် ဇန်နဝါရီ ၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးနှင့် လျှပ်စစ်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာ ရရှိစေရေးတို့ကို အဓိကအခန်းကဏ္ဍမှ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်က ကမာကလုတ်ကျေးရွာနှင့် ကရင်ချောင် ကျေးရွာအပါအဝင် ကျောက်တန်းမြို့နယ်နှင့် တံတားမြို့တို့ရှိ ဖွဲကနာ၊ မင်းဂလွန်း၊ အစဲ၊ နရွဲချောင်၊ ခနောင်၊ မြကိုင်း၊ ကုလားတန်း၊ ကွန်းနှင့် ဖွဲဘာကုန်းတန်းကျေးရွာ ၁၁ ရွာတို့သို့ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ တံတား ဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီကောင်းကင်ဓာတ်အားလိုင်း ၁၅ ဒသမ ၇ မိုင်ခန့် သွယ်တန်း၍လည်းကောင်း၊ ကျောက်တန်းမြို့ရှိ မီးပြ၊ ချောင်း၀၊ ဘော်ဂလွတ်၊ ရွာသစ်ကလေး၊ ပန်းတောနှင့် ဥယျာဉ်ကျေးရွာခြောက်ရွာသို့ ၃၃/ ၆၆ ကေဗွီ ၁၀+၃ အမ်ဗွီအေ ကျောက်တန်းဓာတ်အားခွဲရုံမှတစ်ဆင့်၆၆ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း ၁၃ ဒသမ ၅ မိုင်ခန့် သွယ်တန်း၍လည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ထိုသို့ဓာတ်အားလိုင်း မိုင်ရှည်လျားစွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားရသည့်အတွက် ဓာတ်အားပျောက်ဆုံးမှုများပြားရသည့်အပြင် ဓာတ်အားလိုင်း အပြစ်ဖြစ်ပေါ်၍ ဓာတ်အား ပြတ်တောက်သည့်အခါ လိုင်းရှည်လျားမှုကြောင့် အပြစ်ရှာဖွေရသည့်အချိန်ကြာမြင့်သဖြင့် ဓာတ်အားပြတ်ချိန်ကြာမြင့်ခြင်းအပြင် ဓာတ်အားပြတ်တောက်မှုအကြိမ်ရေလည်း များလာခြင်းတို့ကြောင့် ပြည်သူများ လျှပ်စစ်မီးသုံးစွဲရာတွင် အဆင်မပြေမှုများ ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် ယခု ဓာတ်အားခွဲရုံအနီးဝန်းကျင်ရှိ ကျောက်တန်းမြို့နယ်အတွင်း ကျေးရွာနေပြည်သူများ အဆင်မပြေမှုများ လျော့နည်းသွားစေရန်အတွက် ဓာတ်အားခွဲရုံကို တိုးချဲ့တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း၊ ယခုလို ဓာတ်အားခွဲရုံများ ဖွင့်လှစ်နိုင်ခြင်းဖြင့် ဓာတ်အားခွဲရုံနှင့် ဆက်စပ်နေသည့်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ တိုးတက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများ မုချမသွေ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ယခုဓာတ်အားခွဲရုံဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် ရှည်လျားစွာ သွယ်တန်းပြီး ဓာတ်အားပေးနေရသည့် ယခင်ဓာတ်အားလိုင်းများမှမဟုတ်ဘဲ ဓာတ်အားခွဲရုံအသစ်မှ ဓာတ်အား ဖြန့်ဖြူးပေးမည် ဖြစ်သည့်အတွက် ဓာတ်အားလိုင်းတိုသွားပြီး ပိုမိုတည်ငြိမ်၍ စွမ်းအားပြည့်ဝသည့် လျှပ်စစ်ဓာတ်အားရရှိနိုင်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးနှင့် ကျောက်တန်းမြို့နယ် ကမာကလုတ်ကျေးရွာ ရပ်မိရပ်ဖ ဦးတင်မိုးလွင်တို့က ဓာတ်အားခွဲရုံ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကမာကလုတ်/ကရင်ချောင်ဓာတ်အားခွဲရုံမှတ်တိုင်ကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်နှင့် ဒေါ်သက်သက်မူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကမာကလုတ်/ကရင်ချောင် ဓာတ်အားခွဲရုံမော်ကွန်း ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး တရားသူကြီးချုပ်ဦးလှအေးတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာဖြင့် အသုံးပြုနိုင်ရန်အတွက် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများကို အဆင့်မြှင့်တင်ခြင်းတို့အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှ ယနေ့အထိ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ငွေကျပ် ၁၇၉ ဒသမ ၆၉ ဘီလီယံခန့်၊ တိုင်းဒေသကြီး အစိုးရဘဏ္ဍာ ရန်ပုံငွေဖြင့်၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်၃၂ ဒသမ ၆ ဘီလီယံခန့် အကုန်ကျခံ၍ ၃၃/၁၁ ကေဗွီ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ခုနစ်ရုံ၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆၁ မိုင်ခန့်၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၂၆၇ မိုင်ခန့်၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာ ၃၀၂ လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၀၈ မိုင်ခန့် အသစ်တည်ဆောက်ပြီး ရန်ကုန်တောင်ပိုင်းခရိုင် အတွင်းရှိ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျောက်တန်းနှင့် တွံတေးမြို့နယ် လေးမြို့နယ်နှင့် ရန် ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံနှင့် အဖျောက်မြို့နယ် လေးမြို့နယ်တို့အတွင်းရှိ ကျေးရွာအချို့ကို ထပ်မံ၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၀၈၅ ရွာမီးလင်းခဲ့၍ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၆၉ ရွာထပ်မံမီးလင်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းခန့်၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံ၍ ၄၉၅ ရွာ လျှပ်စစ်မီးရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

**စီစဉ်လျာထား**

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျန်သည့်ကျေးရွာ၂၅၉ ရွာ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် ဆောင်ရွက်ပေးရန် စီစဉ်လျာထားပြီး၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများ ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိအောင် ရည်မှန်းချက်ထားစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**လွိုင်ကော် ဇန်နဝါရီ ၆**

(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်တိုင် လွိုင်ကော်မြို့ ကန္တရဝတီပွဲတော်ကွင်း၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကယားပြည်နယ်နေ့ ပွဲတော်အခမ်းအနားတွင် ဗဟိုပြခန်း၊ ဌာနဆိုင်ရာနှင့် အရပ်ဘက်ပြခန်းများ ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာအားကစားပြိုင်ပွဲများ၊ ထိုင်းကုန်စည်ပြပွဲများ၊ အရောင်းပြခန်းများနှင့် ဈေးဆိုင်ခန်းများ၊ ကန္တရဝတီမောင်/မယ်ပြိုင်ပွဲ၊ ဇာတ်သဘင်ပွဲနှင့် အငြိမ့်ပွဲများ၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ရိုးရာခြင်းလုံး၊ မြန်မာ့ရိုးရာလက်ဝှေ့နှင့် အခြားရိုးရာ အားကစားနည်းမျိုးစုံ ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဖျော်ဖြေမှုအနေဖြင့် Iron Cross တေးဂီတအဖွဲ့၏ Free Show ဖျော်ဖြေမှုနှင့် နိုင်ငံကျော်အနုပညာရှင်များစွာ ပါဝင်သည့် ရှိုးပွဲများ၊ အခြားပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈ )ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
ပြည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဧရာဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ကျုံပျော်မြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၀ ၊ ၁၁)ရက်၊( သောကြာ ၊ စနေ )နေ့နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
ပြည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အောင်ဆန်းခန်းမ ၊ အ.ထ.က(၁) ၊ ကျုံပျော်မြို့။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မိုးကုတ်မြို့၌ လီဆူးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နီပေါလ်(ဂေါ်ရခါး)၊ ခိုလုံလီရှော၊ ကိုးကန့်နှင့် မုန်းဝန်းယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ရှိ ရွှေလိပ်ပြာဟိုတယ်အစည်းအဝေးခန်းမ၌ လီဆူးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နီပေါလ်(ဂေါ်ရခါး)၊ ခိုလုံလီရှော၊ ကိုးကန့်နှင့် မုန်းဝန်းယဉ်ကျေးမှုအဖွဲ့ဝင်များကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။



**သစ္စာစီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် သစ္စာစီမံချက်များရေးဆွဲကာ ဖြေလျှော့မှုများဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကိုအခြေခံ၍ သတ်မှတ်အထောက်အထား စာရွက်စာတမ်းများအရ ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအရ ကြန့်ကြာမှုများလည်း ရှိပါကြောင်း၊ အထောက်အထားမပြည့်စုံမှုများကြောင့် ကြန့်ကြာမှုများအပေါ် ပြည်သူများ အထင်အမြင်လွဲမှားမှုများလည်း ရှိပါကြောင်း၊ ယခု မိုးကုတ်မြို့ရှိ လီဆူးတိုင်းရင်းသားများနှင့်ပတ်သက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကာလတစ်ခု သတ်မှတ်ကာ စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ရှမ်းပြည်နယ် လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး ဦးဂူဆာ၊ မိုးကုတ်မြို့ရှိ လီဆူးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက ဦးယောဆက်နှင့် တာဝန်ရှိသူများက မိုးကုတ်မြို့နယ်အတွင်းရှိ လီဆူးတိုင်းရင်းသားများ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များအပေါ် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ နီပေါလ်(ဂေါ်ရခါး)ယဉ်ကျေးမှုအဖွဲ့၊ ခိုလုံလီရှောယဉ်ကျေးမှုအဖွဲ့၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့နှင့် မုန်းဝန်းယဉ်ကျေးမှုအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ၍ မိုးကုတ်မြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုများ၊ လုပ်ငန်းစဉ်များအရ လွယ်ကူလျင်မြန်စေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးမှုများ၊ ဥပဒေလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များအပေါ် အခြေခံဆောင်ရွက်ရသည့်အတွက် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ သက်ဆိုင်ရာအဖွဲ့ဝင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် မိုးကုတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းတင်နှင့် သက်ဆိုင်ရာ ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို အဖွဲ့အလိုက်ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဂရုပြုဆောင်ရွက်**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် သပိတ်ကျင်းမြို့နယ် ဖောတောကျေးရွာရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ စစ်ဆေးရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး တာဝန်ကျဝန်ထမ်းများနှင့် တွေ့ဆုံ၍ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ ကန့်သတ်နယ်မြေများသို့ ခွင့်ပြုချက်မရှိသည့် နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှု မရှိစေရေးအတွက် ဂရုပြုဆောင်ရွက်ကြရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် လုံခြုံရေးကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## ရာပြည့်မော်ကွန်း

❖ မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲ
ဆင်နွှဲကြသည်ချိန်ခါ။
❖ တတ်,သိပညာရှင်အသီးသီး
ရင်းနှီးချစ်ခင်စွာ။
❖ နှစ်ပေါင်းတစ်ရာ
အခက်အခဲများစွာ ကျော်ဖြတ်သန်း။
❖ အနုပညာဥယျာဉ်နန်းမှာလ
ပန်းပေါင်းစုံသင်းပျံ့မြူး
ဖူးပွင့်လန်းဆန်း။
❖ မြန်မာ့ရုပ်ရှင်ရာပြည့်ခရီး
ပြန်လည်ပြီးဆန်းစစ်သော်။
❖ အသံတိတ် ,အသံထွက်,
သံစုံသွင်း, အဖြူ,အမည်းမှ
မှုကွဲကာ အသွေး,အရောင်စုံသည့်
ဆေးရောင်စုံ ခေတ်ကိုပြောင်း
ထပ်လောင်းထင်ပေါ်။
❖ အနုပညာရှင်အကျော်,အမော်
လက်တွဲပျော်သည့် ရုပ်ရှင်ရပ်ဝန်း။
❖ မြန်မာ့ဘဝ, သရုပ်အသွင်
အလှအပ, အရုပ်ထင်
"မြန်မာ့,မြန်မာ့ရုပ်ရှင်" အနာဂတ်အတွက်
ရှေ့ဆက်ပြီး ခရီးနှင်မည့်
"ရာပြည့်မော်ကွန်း"။

မြင့်မိုရ်ဦး (ပဲခူး)

(မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်ကို ကြိုဆိုဂုဏ်ပြုလျက်)

## မကွေးတိုင်းဒေသကြီး၌ ကိုင်းမြေစိုက်ငရုတ်ခင်းများ ဖြစ်ထွန်းအောင်မြင်

**ရေနံချောင်း ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေများတွင် ငရုတ်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

''ငရုတ်အခြောက်တစ်ပိဿာ ငွေကျပ် ၄၀၀၀ ဝန်းကျင် ရှိပါတယ်။ တောင်သူတစ်ဦး ပိဿာ ၁၀၀ ထွက်တယ်။ ငွေကျပ်လေးသိန်းအထိ ရခဲ့တယ်။ ဒါကြောင့် ငရုတ်ကို အဓိကစိုက်ပျိုးတာပါ။ ဇန်နဝါရီလလယ်မှာ လက်ရှိငရုတ်စိုက်ခင်းတွေ ဆွတ်ခူးရတော့မှာပါ။ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု တောင်သူ ကိုထွန်းအေးက ပြောသည်။ ရေနံချောင်းမြို့နယ်ထွက် ငရုတ်ခြောက်ကို ပြည်၊ ရန်ကုန်၊ ကျောက်ပန်းတောင်း၊ မန္တလေးနှင့် မကွေးမြို့များအထိ တင်ပို့ကြောင်း သိရသည်။ ရေနံချောင်းမြို့နယ်တွင် ငရုတ် ၅၇၆ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိသည်။

**ဆန်းညွန့်(ရေနံချောင်း)**



## ကံမမြို့နယ်၌ ဆောင်းရာသီပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကံမ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် မင်းတုန်းချောင်း၊ မဒေးချောင်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ မြေနုကျွန်းများ၊ ကိုင်းမြေများပေါ်တွင် စိုက်ပျိုးထားသည့် ဆောင်းရာသီပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါပဲစိုက်ခင်းများတွင် ပဲတီစိမ်းစိုက်ဧက ၁၃၀၅၅ ဧက၊ မြေပဲစိုက်ဧက ၁၄၈၀၄ ဧက နှင့် ကုလားပဲ၊ မတ်ပဲ အစရှိသည့် ပဲစိုက်ခင်းများကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

ယမန်နှစ်က ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့သော်လည်း ပဲရိတ်သိမ်းရန် အချိန်နီးကပ်သည့်ကာလ၌ အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့သဖြင့် ပဲအထွက်နှုန်း ကျဆင်းခဲ့ပြီး ပဲစိုက်တောင်သူများ အခက်တွေ့ခဲ့ကြောင်း၊ ယခုနှစ် ပဲရိတ်သိမ်းသည့်အချိန်၌ အချိန်အခါမဟုတ် မိုးရွာသွန်းမှု မရှိပါက တောင်သူများ အဆင်ပြေနိုင်ကြောင်း ရွှေတောကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

**ကိုကိုကျော်(ကံမ)**



# စီပီယူများနှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း

မြတ်မြတ်စိုး

စီပီယူ ( CPU) ဟု ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများတွင် အများသိပြီး အသိများနေသော အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Units – CPUs) ၏ ဖြစ်ထွန်းတိုးတက်မှုနှင့်ပတ်သက်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများဖြင့် တစ်နည်း၊ သတင်းဆောင်းပါးများဖြင့် တစ်သွယ် သတင်းအချက်အလက်များ မျှဝေလျက်ရှိပါသည်။ ယခုအခါ စီပီယူလုပ်ငန်းများ စတင်လည်ပတ်လျက်ရှိသည်ကို ကျေနပ်ဖွယ်တွေ့ရှိရပါသည်။

စီပီယူများ၏ အဓိကလုပ်ငန်းတာဝန်များအနေဖြင့် (၂၆–၈–၂၀၁၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသော ဆောင်းပါးကို အကိုးအကားပြုမည်ဆိုလျှင် စီပီယူများသည် အဂတိလိုက်စားမှုပြဿနာပေါ်ပေါက်နိုင်သော အခြေအနေကို ဖော်ထုတ်ရန်၊ ပြဿနာများကို သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကိုင်တွယ်ဖြေရှင်းရန်နှင့် အဂတိလိုက်စားမှု ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ရန်၊ လျော့ကျစေရန် ပြုပြင်ပြောင်းလဲရန်တို့ ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းတာဝန်များအနက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုဆန်းစစ်ခြင်း (Corruption Risk Assessment – CRA ) လုပ်ငန်းကို အများနားလည်သဘောပေါက်စေရန်အလို့ငှာ ဝက်ဘ်ဆိုက်အချို့တွင် ရှာဖွေတွေ့ရှိရသော အချက်အလက်များကို မျှဝေလိုပါသည်။

**အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု (Corruption Risk –CR )**

အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု (Corruption Risk –CR ) ကို ဦးစွာရှင်းလင်းလိုပါသည်။ စီအာရ်သည် အခြားသော ဘဏ္ဍာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေးစသည်တို့ဆိုင်ရာ Risks များနှင့် ကွာခြားမှုမရှိသော်လည်း အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု (စီအာရ်)ကမူ ပိုမိုဆိုးရွားသော သို့မဟုတ် စိုးရိမ်ရသော Risks အမျိုးအစားတွင် ပါဝင်ပါသည်။

ကိုယ်ကျင့်သိက္ခာနှင့်မညီသော ပြုမူလုပ်ဆောင်ချက်နှင့် ကျင့်ဝတ်ချိုးဖောက်မှုအပါအဝင် အဂတိလိုက်စားသော အပြုအမူ၏ ပိုမိုကျယ်ပြန့်သည့် ယူဆချက်တွင် Risk များ ဧကန်အမှန် ဖြစ်လာရခြင်းမှာ ပြစ်မှုကျူးလွန်ရန် သို့မဟုတ် အဂတိလိုက်စားရန် ရည်ရွယ်ချက်သာမက သက်မွေးဝမ်းကျောင်းမှုစွမ်းဆောင်ရည်နှင့် လေ့ကျင့်မှု၊ ပညာပေးမှု၊ မှန်ကန်သော လမ်းညွှန်မှုနှင့် ကြီးကြပ်မှုများ လျော့နည်းခြင်းများကြောင့်လည်းဖြစ်နိုင်ပြီး ပေါ့လျော့မှုသက်သက်ကြောင့်လည်း ဖြစ်နိုင်သည်ဟု SEE2020Series က ဆိုထားပါသည်။

စီအာရ်သည် အစိုးရဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများနှင့် လှုပ်ရှားမှုများအားလုံးနီးပါးတွင် ရှိနေနိုင်ပါသည်။ ထို့ပြင် P–P–P ဟု ခေါ်သော အစိုးရ– ပုဂ္ဂလိကလက်တွဲဆောင်ရွက်မှုများအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် ဆက်ဆံမှုရှိသော အစိုးရဌာန အဖွဲ့အစည်းများတွင် စီအာရ် ဥပမာ အကျိုးစီးပွား ပဋိပက္ခ ဖြစ်နိုင်ခြေရှိမှု ပိုမို၍ ပေါ်ပေါက်နိုင်ပါသည်။ ယင်းသို့သော အခြေအနေတွင် အဆိုပါဌာန အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ မူလပင်ရင်းစီအာရ်များအပြင် ယင်းသို့ လက်တွဲဆောင်ရွက်မှုနှင့် ဆက်စပ်ဖြစ်ပေါ်သည့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှုများကို စီမံခန့်ခွဲနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။

စိုးရိမ်ရပြီး ပုံမှန်စီအာရ်အမျိုးအစားအချို့တွင် ဌာနဆိုင်ရာဝန်ထမ်းက လာဘ်တောင်းခြင်း၊ လာဘ်ယူခြင်း၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ရာထူးအာဏာအလွဲသုံးခြင်း၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက် အများပြည်သူဆိုင်ရာ ဘဏ္ဍာရန်ပုံငွေကို အလွဲသုံးစားပြုခြင်း၊ ဥပဒေနှင့် ဆန့်ကျင်သော သို့မဟုတ် ကျင့်ဝတ်သိက္ခာနှင့်မညီသော ပြင်ပဩဇာလွှမ်းမိုးမှု သို့မဟုတ် ဌာနဆိုင်ရာဝန်ထမ်းအပေါ် ဖိအားပေးခြင်းနှင့် အကျိုးစီးပွားပဋိပက္ခဖြစ်မှုများ ပါဝင်ပါသည်။ ပုံမှန်တွေ့ရှိရသော စီအာရ်အမျိုးအစားများအချို့ကိုသာ ဖော်ပြနိုင်ပြီး မျက်မှောက်ဒစ်ဂျစ်တယ် ကမ္ဘာ့ခေတ်ကာလတွင် ပုံမှန်မဟုတ်သော စီအာရ်များလည်း ပေါ်ပေါက်နိုင်သည်ဖြစ်ရာ လုံးဝပြီးပြည့်စုံသော စီအာရ်အမျိုးအစားစာရင်းကိုမူ ပြုစုနိုင်ရန် မလွယ်ကူကြောင်း သတိပြုသင့်ပါသည်။

**စီအာရ်အေ (Corruption Risk Assessment – CRA )**

www.gateway.transparency.org က စီအာရ်အေဆိုသည်မှာ အဂတိလိုက်စားမှု အခွင့်အလမ်းများ ပေါ်ပေါက်နိုင်သည့် စနစ်တစ်ခုအတွင်း အားနည်းချက်များကို အမျိုးအမည်ခွဲခြားဆုံးဖြတ်ရန် ရှာဖွေသော လက်သုံးကိရိယာဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ စီအာရ်အေသည် အခြားသော အဂတိလိုက်စားမှု ဆန်းစစ်ခြင်း လက်သုံးကိရိယာများနှင့် မတူသည့်အချက်မှာ စီအာရ်အေသည် အဂတိလိုက်စားမှုဖြစ်နိုင်ခြေကို ဆန်းစစ်ရာတွင် ထင်မြင်ယူဆချက်ထက် ဖြစ်ပေါ်နိုင်ခြေများမှုအပေါ် စူးစိုက်သည့် လက်သုံးကိရိယာ ဖြစ်ပါသည်။

စီအာရ်အေသည် အဂတိလိုက်စားမှုကျူးလွန်မှုကို အရေးယူအပြစ်ပေးခြင်းဟူသော အကျင့်ပျက်သည့် အလေ့အကျင့်ကို တန်ပြန်ပြစ်ဒဏ်ခတ်သည့် Reactive Measure မျိုးမဖြစ်စေရန်အတွက် သက်ဆိုင်သည့် ဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည့် အန္တရာယ်ရှိမှုကို လေ့လာဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုတင်လုပ်ဆောင်သည့် Proactive Measure ဖြစ်ပါသည်။ ပြစ်ဒဏ်ချမှတ်မှု တစ်ခုသည် ဆုံးရှုံးသွားသည့် ပြည်သူတို့၏ ယုံကြည်မှုနှင့် ပေးဆပ်လိုက်ရသည့် ဌာနအဖွဲ့အစည်း၏ ပုံရိပ်ကျဆင်းမှုတို့ကို မည်သို့မျှ ပြန်လည်မရရှိနိုင်ပါ၊ မည်သည့်အရာနှင့်မျှလည်း အစားထိုး၍ မရနိုင်ပါ။

**စီအာရ်အေ၏အကျိုးကျေးဇူးများ**

အကျိုးသက်ရောက်မှုရှိသော စီအာရ်အေ ယန္တရားသည် သက်ဆိုင်ရာအာဏာပိုင်များက မိမိတို့၏လုပ်ငန်းတာဝန်ကို လွတ်လပ်၍မျှတစွာ လုပ်ဆောင်နေကြောင်း ယုံကြည်မှု၊ လေးစားမှုကို မြှင့်တင်ပေးခြင်းနှင့် အဆင့်မြင့်ဌာနဆိုင်ရာ အကြီးအကဲများအား ယင်းသို့ဆန်းစစ်မှုက မိမိတာဝန်ယူထားသော ဌာနအဖွဲ့အစည်းကို စနစ်တကျနှင့် နေရာတကျဖြစ်စေခြင်း အကျိုးကျေးဇူးများ ရရှိစေပါသည်။ စီအာရ်အေဆောင်ရွက်ခြင်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ ကျင့်ဝတ်သိက္ခာနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုကိစ္စရပ်များကို မိမိ၏လုပ်ငန်းစဉ်တွင် ထားရှိစေခြင်း အကျိုးကျေးဇူးများကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့ပြင် သာမန်အန္တရာယ်ရှိနိုင်ခြေများကို ဖော်ထုတ်ပေးနိုင်စွမ်းကြောင့် ပြုပြင်ပြောင်းလဲမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့အတွက် စေ့ဆော်မှု၊ အတွေးအခေါ်များနှင့် အခြေခံများလည်း ဖြစ်ပေါ်စေပါသည်။

စီအာရ်အေကိုကောင်းမွန်ကျနစွာ ဆောင်ရွက်နိုင်မည်ဆိုလျှင် ယင်းသည်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးပေါ်လစီ၏ အရေးပါပြီး အကျိုးရှိသော အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပါသည်။ စီအာရ်အေ ဆောင်ရွက်မှုတစ်ခုတည်းကြောင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ကောင်းမွန်သော စည်းမျဉ်း၊ ကောင်းမွန်သော ဌာနတွင်းလုပ်ငန်းစဉ်များကို အစားထိုးနိုင်သည်ဟု မဆိုနိုင်သော်လည်း စီအာရ်အေ၏ အဓိကအကျိုးကျေးဇူးတစ်ခုသည် အဂတိလိုက်စားမှုနှင့် ကျင့်ဝတ်သိက္ခာရှိမှု၊ ဖြောင့်မတ်တည်ကြည်မှု အခြေအနေအပေါ် ပိုမိုနားလည်နိုင်စွမ်းရှိလာခြင်းပင် ဖြစ်ပါသည်။

**စီအာရ်အေဆောင်ရွက်ခြင်း**

CPU များအား စီအာရ်အေလုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိသော်လည်း အစိုးရဌာနအများစုသည် မည်သည့်နေရာမှစပြီး လုပ်ကိုင်ဆောင်ရွက်ရမည်ကို ဘဲဥအစရှာမရသကဲ့သို့ ဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ စီအာရ်အေသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လက်သုံးကိရိယာ (preventive tool) တစ်ခုဖြစ်ရာ၊ ယင်းသို့ဆန်းစစ်မှုပြုလုပ်နိုင်ရန် မိမိတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်စသည်တို့တွင် လာဘ်ပေးလာဘ်ယူဖြစ်နိုင်ခြေရှိသော၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော ဟာကွက်၊ ပျော့ကွက်များကို ခွဲခြားဖော်ထုတ်ရန် ဖြစ်ပါသည်။ ပြဋ္ဌာန်းဥပဒေမည်သည် ပြင်ဆင်ပြောင်းလဲရန် အဆင့်များစွာဖြင့် အချိန်ယူရသည်ဖြစ်ရာ အုပ်ချုပ်ရေး/ စီမံခန့်ခွဲရေးဥပဒေ (Administrative law)၏ သဘောသဘာဝအရ တစ်ဆင့်ခံဥပဒေပြုအာဏာ (Subordinate legislative power) ရရှိသည့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဌာနအဖွဲ့အစည်းများသည် မိမိတို့ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်စသည်တို့ကို ရှေ့ပြေးစီမံကိန်းသဘောမျိုး စီအာရ်အေ စမ်းသပ်လုပ်ဆောင်ရန် စဉ်းစားသင့်ပါသည်။ အထူးသဖြင့် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးသည့် အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်သင့်ပါသည်။

> **စီအာရ်အေဆောင်ရွက်ခြင်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ ကျင့်ဝတ်သိက္ခာနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုကိစ္စရပ်များကို မိမိ၏လုပ်ငန်းစဉ်တွင် ထားရှိစေခြင်း အကျိုးကျေးဇူးများကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့ပြင် သာမန်အန္တရာယ်ရှိနိုင်ခြေများကို ဖော်ထုတ်ပေးနိုင်စွမ်းကြောင့် ပြုပြင်ပြောင်းလဲမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့အတွက် စေ့ဆော်မှု၊ အတွေးအခေါ်များနှင့် အခြေခံများလည်း ဖြစ်ပေါ်စေ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းလျက်ရှိသည့် ကိုရီးယားသမ္မတနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် (Anti–Corruption and Civil Rights Commission – အေစီအာရ်စီ)၏ စီအာရ်အေနည်းလမ်းဖြင့် အဂတိလိုက်စားမှု ကြိုတင်တားဆီးဆောင်ရွက်မှုကို ထပ်မံ၍မျှဝေလိုက်ပါသည်။

အေစီအာရ်စီသည်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများတွင် အဓိကနယ်ပယ် လေးရပ်ဖြစ်သည့် လိုက်နာမှု (Compliance)၊ အကောင်အထည်ဖော်ဆောင်မှု (Execution)၊ အုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများ (Administrative procedures)နှင့် ထိန်းချုပ်ခြင်း (Corruption Control) တို့ကို ကြည့်ရှုစစ်ဆေးပါသည်။ ယင်းနယ်ပယ်တစ်ခုစီအတွက် criteria ခေါ် စံနှုန်းများ သတ်မှတ်ပြီး စံနှုန်းတစ်ခုစီအတွက် စစ်ဆေးမှုစာရင်း (Checklist) ထားရှိပါသည်။

ဥပမာအနေဖြင့် လိုက်နာမှုနယ်ပယ် (Compliance) ကို လေ့လာလျှင် criteria သုံးခု ရှိသည့်အနက် မျက်နှာသာပေးဆက်ဆံမှု၊ ဖြစ်ထွန်းနိုင်ခြေရှိမှု (Possibility of preferential treatment) စံနှုန်း၏ Checklist တွင် (၁) လူတစ်ဦးတစ်ယောက်အား ဥပဒေအရဖြစ်စေ၊ လက်တွေ့ဖြစ်စေ အကျိုးခံစားခွင့် သို့မဟုတ် အခွင့်အရေးပေးမှု (benefits or favours) ရှိ၊ မရှိ၊ (၂) ယင်းသို့ဖြစ်စေရန် အကျိုးခံစားခွင့်၊ အခွင့်အရေးများ ဖန်တီးထားသည့် သတ်မှတ်ချက်များတွင် လက်ခံရရှိသူများ၊ လုပ်ထုံးလုပ်နည်းများ၊ ရည်ရွယ်ချက်များကို ရှင်းလင်းကျနစွာ သတ်မှတ်ထားခြင်း ဟုတ်၊ မဟုတ်၊ (၃) အခြားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် နှိုင်းယှဉ်လျှင် အကျိုးခံစားခွင့်၊ အခွင့်အရေးများက အုပ်စုအချို့အတွက်သာ ကန့်သတ်ထားခြင်း ဖြစ်၊ မဖြစ်၊ (၄) အခြားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် နှိုင်းယှဉ်လျှင် အကျိုးခံစားခွင့်၊ အခွင့်အရေးများက ပမာဏနှင့် အတိုင်းအတာလွန်ကဲခြင်း ရှိ၊ မရှိနှင့် (၅) အဂတိလိုက်စားနိုင်ရန် ချိန်ရွယ်ထားသကဲ့သို့ရှိသည့် မျက်နှာသာပေးမှု သို့မဟုတ် အကျိုးခံစားခွင့်များကို ထိန်းချုပ်ရန် သီးခြားယန္တရားတစ်ရပ်ထားရှိရန် လိုအပ်မှု ရှိ၊ မရှိတို့ကို ထည့်သွင်းပြီး ဆန်းစစ်ကြောင်း တွေ့ရှိရပါသည်။

ဆက်လက်၍ အုပ်ချုပ်မှုဌာနများနှင့် နီးစပ်မှုရှိနိုင်သည့် အေစီအာရ်စီ၏အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ (Administrative procedures) နယ်ပယ်တွင် ဆန်းစစ်မှုပြုလုပ်ခြင်းကို လေ့လာကြည့်မည်ဆိုလျှင် လက်လှမ်းမီမှု (Accessibility)၊ ဖွင့်လှစ်ချပြမှု (Openness)နှင့် ကြိုတင်ခန့်မှန်းနိုင်မှု (Predictability) စံနှုန်း သုံးခုအနက် ဖွင့်လှစ်ချပြမှုစံနှုန်း၏ Checklist တွင် (၁) သတင်းအချက်အလက်ထုတ်ဖော်အသိပေးမှု (Information disclosure) ကို ကိုင်တွယ်သည့် လုပ်ထုံးလုပ်နည်းများအတွက် သီးခြားယန္တရား ရှိ၊ မရှိ၊ (၂) သတင်းအချက်အလက်ထုတ်ဖော်အသိပေးမှုကို သီးခြားအကျိုးသက်ဆိုင်သူ အုပ်စုများအတွက်သာ ကန့်သတ်ထားရှိမှု ဖြစ်၊ မဖြစ်၊ ယင်းအတိုင်းအတာကို တိုးချဲ့ရန် လိုအပ်၊ မလိုအပ်၊ (၃) သီးခြားသတင်းအချက်အလက် ထုတ်ဖော်အသိပေးသည့်စနစ် မထားရှိခြင်း သို့မဟုတ် မလိုအပ်ဟုယူဆခြင်းအတွက် မှန်ကန်ကြောင်း ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိနှင့် (၄) အနာဂတ်ကာလအတွက် အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာရှိမှု မြှင့်တင်ရန် သတင်းအချက်အလက်ထုတ်ဖော်အသိပေးမှု စနစ်တစ်ခုဖော်ဆောင်ရန် လိုအပ်၊ မလိုအပ်တို့ကို စစ်ဆေးရန်ဖြစ်ပါသည်။

ကြိုတင်ခန့်မှန်းနိုင်မှု (Predictability) စံနှုန်း၏ Checklist တွင် (၁) ဥပဒေပြဋ္ဌာန်းချက်များ၌ ပြည်သူတို့၏ အသနားခံစာများ၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို လျှောက်ထားရန် လိုအပ်သော အထောက်အထားများနှင့် အချိန်ကာလသတ်မှတ်ချက် ပါ၊ မပါ၊ (၂) အုပ်ချုပ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတ်မှတ်ချက်များ၏ အဓိပ္ပာယ်ကို အများပြည်သူက အလွယ်တကူနားလည်နိုင်မှု ရှိ၊ မရှိ၊ (၃) အများပြည်သူက ကြိုတင်ခန့်မှန်းနိုင်မှုနှင့် နားလည်မှုကို အားနည်းစေနိုင်သော ခက်ခဲသည့် သို့မဟုတ် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ သုံးထားသည့်အတွက် မှန်ကန်ကြောင်း ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိ၊ (၄) ကြိုတင်ခန့်မှန်းနိုင်ရန် နည်းပါးခြင်းအတွက် မှန်ကန်ကြောင်း ကျိုးကြောင်းခိုင်လုံမှု ရှိ၊ မရှိနှင့် (၅) ယင်းသို့နည်းပါးခြင်းကြောင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ဘေးထွက်ဆိုးကျိုးများကို တားဆီးကာကွယ်ရန် ပိုကောင်းလာစေမည့် ဆောင်ရွက်ချက်များ လိုအပ်မှု ရှိ၊ မရှိတို့ ပါဝင်ပါသည်။

ကိုရီးယားနိုင်ငံ၏ စီအာရ်အေတွင် နယ်ပယ်လေးရပ် ခွဲခြားပြီး ဆန်းစစ်သော်လည်း မိမိတို့အတွက် ယင်းနယ်ပယ် လေးရပ်လုံး လိုအပ်မည်ဟု သတ်မှတ်၍ မရနိုင်ပါ။ မိမိတို့၏ နောက်ခံအနေအထားနှင့် အပ်စပ်မှုရှိသလောက် နယ်ပယ်နှင့် စံနှုန်းများနှင့် မိမိတို့နှင့် အသုံးတည့်မည့် နယ်ပယ်နှင့် စံနှုန်းများကိုသာ စဉ်းစားသင့်ပါသည်။

စာမျက်နှာ ၇ သို့ ❖

# မြစ်ကြီးနားမြို့၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာမဟာဗျူဟာ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့် ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူရသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ သဘာဝဘေးနှင့် လူ့ကြောင့်ဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ်ရှိ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် လိုအပ်သောပံ့ပိုးကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်း၊ မူလနေရာများသို့ ပြန်လည်အခြေချနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများ၏ လက်ရှိအခြေအနေများ၊ မုးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပူးပေါင်းရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီး၊ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စများ၊ လုံခြုံရေးဆိုင်ရာကိစ္စများ၊ မဟာဗျူဟာအပေါ် လုပ်ငန်းစီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများ၊ မူးယစ်ဆေး ဖြတ်ပြီးသူများအတွက် ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လူမှုအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဖြတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးစခန်းများကို ဥပဒေ၊ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေး စိစစ်ညှိနှိုင်းရန်လိုအပ်မှုများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးခြင်းကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအားလုံး အခွင့်အရေးများကို သာတူညီမျှ ခံစားရရှိစေပြီး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်ကြိုးပမ်းလျက်ရှိကြောင်း၊ ဆောင်ရွက်မှုများသည် ရေရှည်လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် မဟာဗျူဟာများ လိုအပ်ချက်များကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ မဟာဗျူဟာများရှိမှသာ လုပ်ငန်းစဉ်များရေးဆွဲဖော်ပြပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်၏ ရန်ပုံငွေခွဲဝေရာ၌ ပါဝင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ မဟာဗျူဟာသည် မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် နိုင်ငံတော်အဆင့် အတည်ပြုရေးဆွဲထားခြင်းဖြစ်ကြောင်း၊ မိမိတို့၏နေရပ်၊ အိုးအိမ်၊ စည်းစိမ်များကို စွန့်ခွာရသည့် ဘေးဒုက္ခသည် ကြီးမားပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရာတွင် ဘေးကင်းလုံခြုံမှုရှိရန်၊ ဂုဏ်သိက္ခာရှိရန်နှင့် အမှီအခိုကင်းစွာ ပြန်လည်ရပ်တည်နိုင်ပြီး ရေရှည်တည်တံ့ရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သည့် ပြန်လည်အခြေချနေထိုင်မှုဖြစ်ရန်သည် အရေးကြီးပါကြောင်း၊ မိုင်းရှင်းလင်းရေးကိစ္စများနှင့်ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုမဟာဗျူဟာသည် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ထားရသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များ အားလုံးနှင့်ဆိုင်သည့်အခြေခံအချက်အလက်များ ပါဝင်အောင် ရေးဆွဲထားသော်လည်း လုပ်ငန်းစဉ်များ ရေးဆွဲကြရာတွင် မိမိတို့ဒေသ၏လိုအပ်ချက်များနှင့်ကိုက်ညီအောင် ရေးဆွဲကြရန် အရေးကြီးပါကြောင်း၊ ပြည်သူများအားလုံး သာတူညီမျှခံစားရရှိရေးအတွက် နိုင်ငံ၏ဦးတည်ချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးအတွက် လိုက်လျောညီထွေရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတို့ကို အစိုးရက အစဉ်တစိုက်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အခြေခံလိုအပ်ချက်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေလိုအပ်သော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ဖြစ်ပေါ်လာပုံနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက်တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ယာယီခိုလှုံရာစခန်းများရှိ ကိုယ်စားလှယ် တိုင်းရင်းသားပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ စာမျက်နှာ ၆ မှ**

အေစီအာရ်စီအား ဥပဒေအရ အဂတိလိုက်စားမှု၏ အန္တရာယ်ရှိမှုများကို လူထုအသိပညာပေးရေးမြှင့်တင်ရန်နှင့် စီအာရ်အေဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အပ်နှင်းထားသည့်အတွက် ဥပဒေပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန် ရည်ရွယ်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် သက်ဆိုင်သည့် အဆိုပြုလွှာနှင့် အချက်အလက်များကို အေစီအာရ်စီသို့ ပေးပို့ပြီး ဆန်းစစ်ခြင်းခံရကြောင်း၊ စီအာရ်အေဆန်းစစ်မှုတွင် အစိုးရဝန်ကြီးဌာနများမှ အဆိုပြုသော ဥပဒေမူကြမ်းများနှင့် တည်ဆဲဥပဒေများလည်း အကျုံးဝင်ကြောင်း၊ အေစီအာရ်စီက ဆန်းစစ်မှုပြုလုပ်ပြီးလျှင် ရလဒ်နှင့် ထောက်ခံတင်ပြချက်များကို အစိုးရဌာနများအား မျှဝေအသိပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

**အကြံပြုတင်ပြချက်**

စီပီယူများအနေဖြင့် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်းလုပ်ငန်းကို အများပြည်သူနှင့် ထိတွေ့ဆက်ဆံမှုများပြီး ပြည်သူ့ဝန်ဆောင်မှုပေးရသော ရုံးဌာနများမှ စတင်ခြင်းက ပိုမိုလွယ်ကူနိုင်မည်ဖြစ်ပါသည်။ မိမိတို့၏ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များကိုဆန်းစစ်ရန် Checklist ထားရှိ ဆောင်ရွက်သင့်ပါသည်။

များမကြာသေးမီက စီပီယူများအား ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် အိုင်စီတီအခြေပြု အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းယန္တရား (ICT-based Proactive Beneficiary/ Citizen Engagement – PBE–Mechanism) ကို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် စီပီယူများ၏လက်သုံးကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်ရန် မိတ်ဆက်ပေးခဲ့ပြီး ယခုအခါ လက်တွေ့လည်း စမ်းသပ်လည်ပတ်မှု လုပ်ဆောင်နေကြပြီ ဖြစ်ပါသည်။ PBE သည် မိုဘိုင်းဖုန်းမှတစ်ဆင့် ဌာနဆိုင်ရာ၏ ဝန်ဆောင်မှုအပေါ် တုံ့ပြန်မှုကို ပြည်သူထံမှ ရရှိနိုင်သည့် နည်းလမ်းဖြစ်၍ စီပီယူများအနေဖြင့် မိမိဌာနအဖွဲ့အစည်း၏ ဝန်ဆောင်မှုပေးမှုအပေါ် ပြည်သူ့ထံဆက်သွယ်ပြီး တုံ့ပြန်မှု (feedback) ရယူခြင်းဖြင့် လုပ်ငန်းဆောင်တာများ၏ ဟာကွက်၊ အားနည်းချက်များကို သိရှိနိုင်ပြီး စီအာရ်အေလုပ်ငန်းတွင် ထည့်သွင်းဆက်စပ်အသုံးပြုရန်လည်း ဖြစ်နိုင်ကြောင်း အကြံပြုလိုပါသည်။ ယခုမိတ်ဆက်ထားသည့် PBE ယန္တရားမှာ ပြည်သူ့အသံကို အလေးတယူနားထောင်ပေးခြင်း ဖြစ်ပါသည်။

ဌာနဆိုင်ရာ CPU များအနေဖြင့် စီအာရ်အေဆောင်ရွက်နိုင်ရန် အထက်တွင် ဖော်ပြသည့်အတိုင်း နယ်ပယ်ခွဲပြီး Checklist လုပ်ရန် တိုက်တွန်းလိုပါသည်။ Checklist သည် ဌာနအဖွဲ့အစည်းများနှင့် မ "စိမ်း"ပါ။ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှုသုံးသပ်ခြင်း (Review) လုပ်ငန်းစဉ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့်အတူ ပုဂ္ဂလိကကဏ္ဍအပါအဝင် ဆက်စပ်သောဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပေါင်းစည်းဖြေဆိုထားသည့် Self–Assessment Checklist အပေါ် နိုင်ငံဆိုင်ရာ သုံးသပ်မှုအစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို အမှတ်ရစေလိုပါသည်။

စီအာရ်အေလုပ်ဆောင်ရာတွင် ဘာသာရပ် (သို့မဟုတ်) နယ်ပယ်အပေါ်မူတည်ပြီး Risk သတ်မှတ်ချက်ကလည်း ကွဲပြားသွားနိုင်ပါသည်။ ဥပမာ ကုန်သွယ်မှု (trade) နယ်ပယ်တွင် အကောက်ခွန်နှင့် ကုန်သွယ်မှုလုပ်ငန်းများသည် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို ဖုံးကွယ်ထား၍ မရနိုင်အောင် အကာအကွယ်မဲ့စေပါသည်။ လုပ်ငန်းချောမွေ့စေရန်ပေးရသော အဖိုးအခများမှအစ အစစ်အမှန်မဟုတ်သည့် ကြေညာလွှာများ၊ ကုန်ပစ္စည်းအတုများ၊ တရားမဝင်ကုန်ပစ္စည်းများနှင့် လာဘ်ပေးမှုများအထိ တွေ့နိုင်သည့်အတွက် အဂတိလိုက်စားမှုကလည်း ပုံစံမျိုးစုံဖြင့် ပေါ်ပေါက်နိုင်ပါသည်။ စီအာရ်အေလုပ်ငန်းအတွက် အကောက်ခွန် (Customs)၊ ကုန်စည်ကုန်သွယ်ရေး (Trade in Goods)၊ ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in Services)၊ ရင်းနှီးမြှုပ်နှံမှု (Investment) စသည်ဖြင့် ကဏ္ဍများ၊ နယ်ပယ်များ ခွဲခြားဆောင်ရွက်သင့်ပါသည်။ ဌာနအလိုက်ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို Stock – taking ပြုလုပ်ပြီး ကဏ္ဍအလိုက် Checklist ပြုစုသင့်ပါသည်။ လိုအပ်သည်ထက်ပိုပြီး အထောက်အထားစာရွက်စာတမ်းများ တောင်းခံခြင်းမျိုး၊ အချိန်ဆွဲထားခြင်းမျိုး၊ အဆင့်များစွာသတ်မှတ်ထားခြင်းမျိုး စသည်တို့ကြောင့် အကျင့်စာရိတ္တပျက်ပြားနိုင်သည်၊ တစ်နည်းအားဖြင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိနိုင်သည်ဖြစ်ရာ ပြည်သူနှင့် ထိတွေ့လုပ်ကိုင်ဆောင်ရွက်ရသော အောက်ခြေရုံးများ၏ အခက်အခဲများကိုလည်း အထက်ရုံးများမှနားထောင်ပေးမှသာ စီအာရ်အေလုပ်ငန်းအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

စီအာရ်အေဆောင်ရွက်ကြရာတွင် ချဉ်းကပ်ပုံ နည်းလမ်းများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြဘဲ ကိုယ်သန်ရာနည်းလမ်းကို အသုံးပြုကြခြင်းဖြစ်ရာ၊ အချို့က စီအာရ်အေကို အခြေခံအရင်းအမြစ်ဖြစ်သည့် စစ်တမ်းများ၊ မေးခွန်းလွှာများ၊ Checklist များ၊ စံသတ်မှတ်ချက်များဖြင့် ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုကြပြီး အချို့က တစ်ဆင့်အရင်းအမြစ်ဖြစ်သည့် သုတေသနပြုလုပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနည်းလမ်းကို အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခု ကိုရီးယားနိုင်ငံ အေစီအာရ်စီက အသုံးပြုလျက်ရှိသည့် စီအာရ်အေလုပ်ငန်းစဉ်ကမူ မိမိတို့နှင့် အနီးစပ်ဆုံးဖြစ်နိုင်မည်ဟု ယူဆပါသည်။ ကိုရီးယားနိုင်ငံ၏ စီအာရ်အေကို အသေးစိတ်လေ့လာနိုင်ရန် UNDP Seoul Policy Center မှ ပြုစုထားသော Introduction to Korea's Corruption Risk Assessment: A tool to analyze and reduce corruption risks in laws and regulations ကို ရည်ညွှန်းလိုပါသည်။

**နိဂုံး**

စီအာရ်အေကို အုပ်ချုပ်ရေးမဏ္ဍိုင်အောက်ရှိ ဌာနအဖွဲ့အစည်းများသာမက ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့်လည်း ဆောင်ရွက်နိုင်မည်ဟု ယူဆပါသည်။ တစ်ဖက်တွင် အုပ်ချုပ်ရေးဌာနအဖွဲ့အစည်းများက စီအာရ်အေဆောင်ရွက်ခြင်းက လက်တွေ့ကျသည့်အတွက် ထိရောက်စေသည်ဟု ဆိုနိုင်ပြီး အခြားတစ်ဖက်တွင် ဥပဒေပြုမဏ္ဍိုင်က လုပ်ဆောင်သည့် စီအာရ်အေကမူ ဥပဒေကြောင်းသုံးသပ်မှုလုပ်ငန်းစဉ် (legislative review process) နှင့် ချိတ်ဆက်နိုင်စွမ်းရှိခြင်းကြောင့် ယင်းစီအာရ်အေ ဆောင်ရွက်မှုကလည်း ထိရောက်စေသည်ဟု ဆိုနိုင်ပါသည်။

အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လက်သုံးကိရိယာအဖြစ် အသုံးပြုခြင်းသည် လက်တွေ့ကျပြီး လုပ်လည်းလုပ်နိုင်မည် (practical and doable) ဟု လက်ခံယုံကြည်၍ လေ့ကျင့်ခန်းတစ်ခုကဲ့သို့ ဆောင်ရွက်နိုင်လျှင် ဌာနဆိုင်ရာဝန်ထမ်းများသည် စီအာရ်အေကို အမှန်ပင် ရင်းနှီးကျွမ်းကျင်လာမည်ဖြစ်ပါကြောင်းနှင့် စီပီယူများသည် စီအာရ်အေလုပ်ငန်းအတွက် ရဲဝံ့ပြတ်သားသော Bold Measures များ ချမှတ်လုပ်ကိုင်ဆောင်ရွက်ရန် အောင်မြင်ပါစေကြောင်း ဆန္ဒပြုလျက် နိဂုံးချုပ်အပ်ပါသည်။ ။

# ပထမအကြိမ် နိုင်ငံတကာ ဘာသာစကား၊ ဘာသာဗေဒနှင့် လူမှုသိပ္ပံ ဘာသာရပ်များဆိုင်ရာညီလာခံ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ပထမအကြိမ် နိုင်ငံတကာ ဘာသာစကား၊ ဘာသာဗေဒနှင့် လူမှုသိပ္ပံဘာသာရပ်များဆိုင်ရာညီလာခံ (The 1st International Conference on Language and Humanities)အား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ယနေ့ စတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက နိုင်ငံတကာယဉ်ကျေးမှုဆိုင်ရာ အကအလှ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင် ပါမောက္ခဆရာကြီး ဆရာမကြီး ခြောက်ဦးက ဘာသာရပ်များအလိုက် ဆွေးနွေးပြောကြားကြသည်။

"နိုင်ငံတကာနဲ့ မြန်မာပညာရှင်တွေအတွက် သုတေသနလုပ်ငန်းတွေ တွေ့ဆုံဆွေးနွေးပြောကြားနိုင်ဖို့အတွက် နေရာလေးတစ်ခု ဖန်တီးတာပါ။ ပထမပိုင်းအနေနဲ့ နိုင်ငံတကာက အဓိကဘာသာရပ်ဆိုင်ရာ အမှာစကားတွေ ပြောကြားဆွေးနွေးကြတယ်။ ဒုတိယပိုင်းအနေနဲ့ သုတေသနစာတမ်းတွေ ဖတ်ကြားကြမယ်။ တတိယပိုင်းမှာတော့ ဘာသာရပ်ဆိုင်ရာ စိတ်ကူး၊ အခက်အခဲတွေ ပြောပြီး မြန်မာတွေဘာလုပ်သင့်တယ်ဆိုတာ ဆွေးနွေးကြမယ်။

အခု ညီလာခံမှာ တင်သွင်းတဲ့ သုတေသနစာတမ်းတွေကို ဒီနေ့ပဲ စာအုပ်ထုတ်ဝေလိုက်ပြီ ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်စာအုပ်အဖြစ် ထုတ်ဝေခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့က အရည်အသွေးကို အလေးအနက်ထားပါတယ်။ နိုင်ငံတကာက စာတမ်း ၂၇ စောင် လက်ခံရရှိခဲ့ပါတယ်။ ဒါပေမယ့် ကိုးစောင်ပဲ ရွေးချယ်ခံရပါတယ်။ မြန်မာနိုင်ငံက စာတမ်းပေါင်း ၁၂၀ ကျော်ရပါတယ်။ ကျွန်တော်တို့ ၃၇ စောင်ပဲ ရွေးပါတယ်။ ကျွန်တော်တို့က အရည်အသွေးကို အလေးအနက်ထားရွေးချယ်တယ်။ ရွေးချယ်တဲ့အခါမှာလည်း ရန်ကုန်တက္ကသိုလ်က ပညာရှင်တွေရော၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က ပညာရှင်တွေရော စုပေါင်းပြီးမှ ရွေးချယ်တာဖြစ်ပါတယ်။ ရွေးချယ်ရာမှာ ရည်မှန်းချက်က အလွန်ကိုကြီးမားပါတယ်"ဟု ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောသည်။

ပထမအကြိမ် နိုင်ငံတကာဘာသာစကား၊ ဘာသာဗေဒနှင့် လူမှုသိပ္ပံဘာသာရပ်များဆိုင်ရာ ညီလာခံတွင် ပြည်တွင်း ပြည်ပ ပညာရှင်များက သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းကြရာ ပထမနေ့တွင် စာတမ်းရှင် ၁၈ ဦးနှင့် ဒုတိယနေ့တွင် စာတမ်းရှင် ၂၇ ဦး စုစုပေါင်း ၄၅ ဦးတို့က သုတေသနစာတမ်း ဖတ်ကြားတင်သွင်းမည်ဖြစ်သည်။ ညီလာခံ ဒုတိယနေ့ ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် Message for Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံသို့ ပြည်တွင်း ပြည်ပရှိ ဘာသာစကား၊ ဘာသာဗေဒနှင့် လူမှုသိပ္ပံဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ စိတ်ဝင်စားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်လေ့လာကြကြောင်း သိရသည်။ **အောင်ငွေး**








ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက်လုံးဆိုင်ရာ ပြည်သာယာဓမ္မာရုံမှ ကြီးမှူးကျင်းပသော ဒသမအကြိမ် စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ ပင့်သံဃာ ၂၂၅ ပါးတို့အား စာရေးတံမဲ (နဝကမ္မ) မဲဖောက်ကပ်လှူပူဇော်ကြပြီး အလှူရှင်ရပ်ကွက်ပြည်သူများက ဆွမ်းဆန်စိမ်းများလောင်းလှူကြစဉ်။

ကြေးမုံ

## ထီးလင်းမြို့နယ်၌ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူ

**ထီးလင်း ဇန်နဝါရီ ၆**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ထီးလင်းမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ယမန်နေ့က ထီးလင်းမြို့နယ် အုံးထွဲကျေးရွာ၌ ကွင်းဆင်းကောက်ယူကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းစာရင်းကောက်ယူရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ အဖွဲ့ခေါင်းဆောင် ဒုလဝကမှူး ဦးဝင်းမြင့်အောင်နှင့် စာရင်းစစ် တစ်ဦး၊ စာရင်းကောက် လေးဦးတို့က အိမ်ထောင်စု ၃၅ စု၌ ကောက်ယူခဲ့ကြကြောင်းနှင့် အဆိုပါကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ထီးလင်းမြို့နယ်၌ ကျေးရွာအုပ်စု ခုနစ်အုပ်စုတွင် ဇန်နဝါရီ ၁၅ ရက်အထိ ဆက်လက်ကွင်းဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **စိန်ကျော်**

# လယ်ယာကဏ္ဍကို အကျိုးပြုနိုင်မည့် "ဆုဆွေ" ရေရှည်တည်တံ့စိုက်ပျိုးရေးဖောင်ဒေးရှင်း မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၆**

လယ်ယာကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည့် "ဆုဆွေ" ရေရှည်တည်တံ့စိုက်ပျိုးရေး ဖောင်ဒေးရှင်း မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပသည်။

တောင်သူလယ်သမားများအတွက် ရေရှည်တည်တံ့ အထွက်တိုးပြီး လူထုကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို မထိခိုက်စေသည့် စိုက်ပျိုးရေးနည်းစနစ်များကို စဉ်ဆက်မပြတ် ဖြန့်ဝေပေးနိုင်ရန်ရည်ရွယ်၍ ဖောင်ဒေးရှင်းကို တည်ထောင်ခြင်းဖြစ်ကြောင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းဆုက မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားသည်။

**စဉ်ဆက်မပြတ် ပို့ချနိုင်ရန်**

ဖောင်ဒေးရှင်းအနေဖြင့် ရေရှည်တည်တံ့စိုက်ပျိုးစနစ်များကို တောင်သူလယ်သမားများကို စဉ်ဆက်မပြတ် ပို့ချနိုင်ရန်အတွက် ဆရာဖြစ်သင်တန်းများပေးခြင်း၊ စံပြကွက်များ ပြုလုပ်ခြင်း၊ သုတေသနများလုပ်ဆောင်ခြင်း၊ ပညာပေးစာအုပ်စာစောင်များ ထုတ်ဝေဖြန့်ချိခြင်း၊ ပညာပေးဗီဒီယိုများ ထုတ်လုပ်ဖြန့်ချိခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် ပြည်တွင်း ပြည်ပလေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခြင်း စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ရှင်းပြသည်။

**များစွာအကျိုးရှိ**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့မှ တောင်သူ ဦးသက်ဆွေက "ဆရာကြီး ဦးသိန်းဆုက ဒီဖောင်ဒေးရှင်း မထူထောင်ခင်ကတည်းက ကျွန်တော်တို့ရွာမှာ ဒီဖောင်ဒေးရှင်းထဲက စိုက်ပျိုးရေးနည်းစနစ်တစ်ခုဖြစ်တဲ့ ဂေဟာစနစ်မပျက်စီးအောင် ရေရှည်စိုက်ပျိုးလို့ရမယ့် နည်းစနစ်တစ်ခုကို သင်တန်းလာပေးခဲ့ပါတယ်။ အခု အဲဒီနည်းစနစ်အတိုင်းစိုက်တာ တစ်ဧကကို ၁၂ တင်း အထွက်တိုးခဲ့တယ်။ သဘာဝပတ်ဝန်းကျင်ရာသီဥတုနဲ့လည်း လိုက်လျောညီထွေမှုရှိတဲ့အတွက် များစွာအကျိုးရှိပါတယ်။ အခုလို ဖောင်ဒေးရှင်းထူထောင်ပြီး တောင်သူတွေကို ရေရှည်တည်တံ့တဲ့စိုက်ပျိုးရေးနည်းစနစ်တွေ ဖြန့်ဝေသင်ကြားပေးမယ်ဆိုတာသိရတော့ အတိုင်းမသိဝမ်းသာပါတယ်"ဟု ရင်တွင်းစကားဆိုသည်။



"ဆုဆွေ"ရေရှည်တည်တံ့စိုက်ပျိုးရေးဖောင်ဒေးရှင်းအနေဖြင့် ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့၌ ရေရှည်တည်တံ့စိုက်ပျိုးစနစ် တောင်သူလယ်သမား ဆရာဖြစ်သင်တန်းကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းမှတစ်ဆင့် ဆင့်ပွားသင်တန်းများကိုလည်း ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း ၎င်းဖောင်ဒေးရှင်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ )သင်တန်းဖွင့်

**ကန်ပက်လက် ဇန်နဝါရီ ၆**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁ /၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကန်ပက်လက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးအောင်နိုင်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူများ မီးဘေးကင်းဝေးစေရေးအတွက် လူတိုင်း မီးသတ်ပညာသိရှိပြန့်ပွားစေရန်သာမက နိုင်ငံတော်၏လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပါဝင်ဆောင်ရွက်ကြမည်ဖြစ်၍ သင်တန်းမှရရှိသော ပညာဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး ပြည်သူအကျိုးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘီးရာဟာရဲက မြန်မာနိုင်ငံတွင် နှစ်စဉ် မီးလောင်မှုအကြိမ် ၁၀၀၀ ကျော်ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း သုံးသိန်းကျော်ရှိခဲ့ကြောင်း၊ ယခုသင်တန်းတက်ရောက်လာသူများအနေဖြင့် ပြည်သူများ မီးဘေးကင်းဝေးစေရေးအတွက်သာမက နိုင်ငံတော်လုံခြုံရေးကို ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် ပြည်သူအကျိုးကိုရှေးရှုပြီး သင်တန်းမှပို့ချသော သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ကြစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ချွဲကီး(ပြန်/ဆက်)**

## သုံးခွမြို့တွင် အဘိုးအဘွား ၉၅ ဦးအား နှစ်ဦးအာဟာရ လှူဒါန်း

**သုံးခွ ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် TRI စေတနာကွန်ရက်၏ စီစဉ်မှုဖြင့် အသက် ၈၀ နှင့်အထက် နှမ်းပါးသက်ကြီးဘိုးဘွား ၉၅ ဦးအား ယမန်နေ့ နံနက်ပိုင်းက နှစ်ဦးအာဟာရများ လှူဒါန်းခဲ့သည်။

သုံးခွမြို့ အမှတ်(၂)ရပ်ကွက်နေ ဦးစိန်မင်း၊ ဒေါ်ခင်မာဆွေ မိသားစုက သက်ကြီးဘိုးဘွား ၉၅ ဦး၏နေအိမ်များသို့ နှစ်ဦးအာဟာရအဖြစ် ထမင်းတစ်နပ်စာ သွားရောက်လှူဒါန်းရာ အလှူရှင်များနှင့်အတူ TRI စေတနာကွန်ရက်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များကလည်း လုပ်အားဒါနကုသိုလ်ပြုကာ အဘိုးအဘွားများကို ကန်တော့ခဲ့ကြကြောင်း သိရသည်။ **ကိုကျော်သုံးခွ**

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော် ကျင်းပနိုင်ရေး အကြိုသတင်းစာရှင်းလင်းပွဲ ပြုလုပ်

**ရန်ကုန်   ဇန်နဝါရီ   ၆**

ဒုတိယအကြိမ်မြောက် ကျင်းပမည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" (Myanmar Ethnics Culture Festival )ပွဲတော်ကြီးကို ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံကွင်း၌ ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေပိုင်းတွင် ပွဲတော်ကျင်းပမည့် အရှေ့မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံကွင်းဝင်ပေါက် အောင်မိသားစုပွဲတော်ကျင်းပရေးရုံးခန်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အကြိုသတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ ကယားပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများ၊ အောင်မိသားစုပွဲတော်ကျင်းပရေးရုံးမှ တာဝန်ရှိသူများက ပွဲတော်ကျင်းပသွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော သတင်းမီဒီယာများ၏ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

ထိုပွဲတော်ကြီးကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ ကယားပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။



"ဒီပွဲတော်ကြီးကို စည်စည်ကားကားနဲ့ တစ်မူထူးခြားအောင် ယူနက်စကိုအသိအမှတ်ပြုခံထားရတဲ့ အမြင့်ပေ ၂၀ မြင့်တဲ့ သရုပါတံခါးမုခ်ဦးကြီး ပါဝင်မယ်။ ပုဂံမြို့ အဝင်မုခ်ဦးတွေကိုပြင်ဆင်တည်ဆောက်ဖို့ ပုဂံ မြင်းကပါဒေသက ပညာရှင်တွေ၊ ဗိသုကာတွေနဲ့ မြင်းကပါဒေသမှာ လုပ်နေပါပြီ။ ၁၅ ပေ အမြင့်ရှိတဲ့ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စတဲ့ စစ်သူကြီးလေးဦးရဲ့ ရုပ်ပုံရုပ်တုတွေလည်း ပါမယ်။ အဓိကကတော့ ယနေ့ခေတ်လူငယ် နောင်လာနောက်သားမျိုးဆက်သစ်တွေ သိစေဖို့ပါ။ ဒီပွဲတော်ကြီးက ပြီးခဲ့တဲ့နှစ်ကဆို လာရောက်သူ ရှစ်သိန်းကျော်ခဲ့တယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအစီအစဉ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပမှာဖြစ်လို့ လူဦးရေ ၁၂ သိန်းလောက်ကို လာရောက်လည်ပတ်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု အောင်မိသားစုပွဲတော်ကျင်းပရေးအဖွဲ့ တာဝန်ခံ ဦးဝင်းမောင်က ပြောသည်။

**ဆောင်ရွက်နေပြီဖြစ်**

ပွဲတော်ကျင်းပနိုင်ရေးအတွက် ယခုအခါတွင် ကျိုက္ကဆံကွင်းကြီးကို ရှင်းလင်းဆောင်ရွက်ပြီး အဝင်မုခ်ဦးများတည်ဆောက်ခြင်း၊ တိုင်းရင်းသားလူမျိုးစုအလိုက် ဆိုင်ခန်းနေရာများ တည်ဆောက်ခြင်း၊ အကြိုပြင်ဆင်မှုများဆောင်ရွက်ခြင်းနှင့် ပွဲတော်ကျင်းပရေးကော်မတီရုံးခန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ပါဝင်မည်**

ယခုနှစ်တွင် ပွဲတော်ကျင်းပရေး ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ပါဝင်မည်ဖြစ်သည်။ ထိုဆိုင်ခန်းများတွင် တိုင်းရင်းသားညီအစ်ကိုများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက်သီးနှံများ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်များ၊ ရိုးရာအမှတ်အသားလက်ဆောင်များ၊ ကျန်းမာရေးအထောက်အကူပြု သဘာဝအစားအသောက်များ၊ တိုင်းရင်းသားတို့၏ အသုံးအဆောင်ပစ္စည်းများ၊ တိုင်းရင်းသားတို့၏ ပြည်တွင်းလက်မှုပစ္စည်းများ၊ ဂိမ်းကစားရန်နေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် ပွဲတော်ကျင်းပမည့် ကျိုက္ကဆံကွင်း ဝင်ပေါက်အနီးတွင် ပွဲတော်ကျင်းပရေးကော်မတီရုံးနှစ်ရုံးကို ဖွင့်လှစ်ထားပြီး ခင်းကျင်းပြသမည့် ဆိုင်ခန်းနေရာများ လာရောက်လေ့လာ လျှောက်ထားနေပြီဖြစ်ကြောင်း ယနေ့သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**ကြည့်ရှုလေ့လာနိုင်**

ပွဲတော်လာရောက်လည်ပတ်သူများ အနေဖြင့်လည်း တိုင်းရင်းသားလူမျိုးတစ်ခုချင်းစီ၏ အကအလှများ၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ပြခန်းများ၊ ပွဲတော်အထိမ်းအမှတ်ကစားပွဲများ၊ တိုင်းရင်းသားရိုးရာအမှတ်တရဓာတ်ပုံများရိုက်ကူးရန် Photo Booth များ၊ တိုင်းရင်းသားများ၏ နေထိုင်မှုပုံစံများ၊ မတူကွဲပြားသော ဝတ်စားဆင်ယင်မှုများနှင့် အထင်ကရနေရာများကို တည်းဖြတ်ဖော်ပြထားသော Virtual Reality နှင့် Augmented Reality နည်းပညာပြခန်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ခံစားကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

# ခရီးသွားဧည့်သည်များ မူဆယ်မြို့သို့ ပုံမှန်လည်ပတ်လျက်ရှိပြီး နှစ်နိုင်ငံ အဝင်၊ အထွက်ဂိတ်တစ်ခု ထပ်မံဖွင့်လှစ်ရန် စီစဉ်



**မူဆယ်   ဇန်နဝါရီ   ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နယ်စပ်ဒေသတွင် တရုတ်နိုင်ငံဘက်မှ မူဆယ်မြို့ နှစ်နိုင်ငံ အဝင်၊ အထွက်ဂိတ်(နန်းတော်ဂိတ်)မှ တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ မူဆယ်မြို့သို့ နေ့စဉ် ပုံမှန်ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း မူဆယ်မြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**မူဆယ်မြို့သို့ လည်ပတ်ခြင်းကို နှစ်သက်ကြ**

မူဆယ်မြို့နှင့် နမ့်ခမ်းမြို့သို့ ဝင်ရောက်လည်ပတ်နိုင်မည်ဆိုလျှင် ခရီးသွားဧည့်သည်များက ပိုမိုကြိုက်နှစ်သက်ကြပြီး နှစ်မြို့လုံး လည်ပတ်နိုင်မည်ဆိုပါက ခရီးသွားဧည့်သည်များ ပိုမိုတိုးပွားလာမည်ဖြစ်သည်။ ခရီးသွားဧည့်သည်များက မြန်မာနိုင်ငံသားများ၏ ခရီးသွားဧည့်သည်များအပေါ် နွေးထွေးပျူငှာစွာ ဆက်ဆံပြောဆိုသည့် အမူအကျင့်များ၊ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ မူဆယ်မြို့ရှိ အထင်ကရနေရာများသို့ လည်ပတ်ခြင်းနှင့် လာရောက်လည်ပတ်စဉ်အတောအတွင်း ဈေးဝယ်ထွက်ခြင်းတို့ကြောင့် မူဆယ်မြို့သို့ လာရောက်လည်ပတ်ခြင်းကို အလွန်ကြိုက်နှစ်သက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**အကျိုးအမြတ်ရရှိ**

မူဆယ်မြို့သို့ တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခြင်းအားဖြင့် မူဆယ်မြို့နှင့် မူဆယ်ဒေသခံများအတွက်လည်း အကျိုးအမြတ်ရှိကြောင်း သိရသည်။ “ဒီလိုခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ခြင်းအားဖြင့် ခရီးသွားကုမ္ပဏီတွေ တစ်ဖက်နှင့်တစ်ဖက်ချိတ်ဆက်ပြီးတော့ ကုမ္ပဏီတွေ အကျိုးအမြတ်ရတယ်။ နောက်ပြီးတော့ ကုမ္ပဏီတွေက သူတို့ဝန်ထမ်းတွေကို ဒေသခံလမ်းညွှန်ပေးရန် အသုံးပြုတဲ့အတွက် အလုပ်ဖြစ်တယ်။ ခရီးသွားဧည့်သည်တွေကို ကြို၊ ပို့ လုပ်ပေးတဲ့ ယာဉ်မောင်းတွေအတွက်လည်း ပို့ဆောင်ရေးလုပ်ငန်းတွေ အကျိုးဖြစ်တယ်။ မြန်မာပြည်ရောက်တုန်းရောက်ခိုက်မှာ ခရီးသွားဧည့်သည်တွေက စားသောက်ဆိုင်တွေမှာလည်း သူတို့ကြိုက်နှစ်သက်တဲ့ အစားအသောက်တွေကို ဝယ်ယူစားသောက်ကြတယ်။ မြန်မာဘက်က သူတို့သဘောကျတဲ့ ကုန်ပစ္စည်းတွေကိုလည်း ဝယ်ယူကြတဲ့အတွက် မူဆယ်မြို့ဒေသခံတွေအတွက်လည်း အကျိုးရှိပါတယ်”ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဇော်လင်းက ပြောသည်။

**ဟိုဆောင်ဂိတ်မှ အဝင်၊ အထွက်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင်၊ အထွက်ဂိတ်(နန်းတော်ဂိတ်)မှ မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသော တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများကို ဇန်နဝါရီ ၁ ရက်မှစတင်ပြီး တရားဝင် အဝင်၊ အထွက်ခွင့်ပြုနေပြီဖြစ်သည်။ ယခုလို လွတ်လပ်စွာ အဝင်၊ အထွက်ခွင့်ပြုထားသည့် မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများကို မူဆယ်မြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြိုဆိုကြောင်း သိရသည်။ (ဟိုဆောင်ဂိတ်)ဟု လူသိများသည့် ဂိတ်အမှတ်(၄)ကိုလည်း လိုအပ်သည့် အခြေခံအဆောက်အဦများကို ဖြည့်ဆည်းဆောင်ရွက်ပြီးနောက် (ဟိုဆောင်ဂိတ်)မှ မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို ထပ်မံ ဝင်၊ ထွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ မူဆယ်မြို့ နှစ်နိုင်ငံ အဝင်၊ အထွက်ဂိတ်များမှ နေ့ချင်းပြန် တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ စုစုပေါင်း လေးသောင်းကျော် လာရောက်လည်ပတ်ကြပြီး ၂၀၁၈ ခုနှစ်ထက် ၂၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# အော်ဂဲနစ်ဈေးများတွင် ကျန်းမာရေးဖြည့်စွက်စာအဖြစ် ပိုမိုဝယ်ယူအားပေး

**ရန်ကုန်   ဇန်နဝါရီ   ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အော်ဂဲနစ်ဈေးများတွင် စားသုံးသူများက ကျန်းမာရေးအာဟာရဖြည့်စွက်စာအဖြစ် ပိုမိုဝယ်ယူအားပေးလာကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း (MFVP) မှ သိရသည်။

၂၀၁၄ ခုနှစ်မှစတင်ကာ MFVP အသင်းကကြီးမှူး၍ ရန်ကုန်မြို့ ကန်တော်ကြီး (မြေပဒေသာကျွန်း)ရှိ သန့်ရှင်းသောစိုက်ခင်းမှ စင်ကြယ်သော သီးနှံထွက်ကုန်များသို့ ဆောင်ပုဒ်နှင့်အညီ အော်ဂဲနစ်ဈေး(စနေ၊ တနင်္ဂနွေ)ဈေးတွင် ဆိုင်ခန်းပေါင်း ၂၅ ခန်းကျော်ဖြင့် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အပတ်စဉ် ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

“ကျွန်တော်တို့က ပြည်တွင်းဈေးကွက်အတွက် အဓိကထားပါတယ်။ နိုင်ငံတကာအသိအမှတ်ပြုဈေးကွက်တစ်ခုအထိ ဆွဲတင်ဖို့ ကြိုးပမ်းနေပါတယ်”ဟု MFVP ၏ ဗဟိုအလုပ်အမှုဆောင် ဦးတင်အောင်က ပြောကြားသည်။

ဈေးများတွင် ဟင်းသီးဟင်းရွက်များအပြင် ကြက်ဥ၊ လက်ဖက်၊ လက်ဖက်ခြောက်၊ ဆံ့ပဲဆီ၊ ကော်ဖီ၊ သကြားအစားထိုးထန်းလျက်မှုန့်နှင့် တိုင်းရင်းဆေးဖြည့်စွက်စာများဖြစ်သည့် ရဲယိုသီးချက်ဆေး၊ ချဉ်စော်ခါးသီးဖျော်ရည်၊ နနွင်းဆေးလုံး၊ အောင်ပန်းညိုရွက်နှင့် ဆေးဖက်ဝင်စားဖွယ်များလည်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် အော်ဂဲနစ်သီးနှံဈေးများ ထပ်မံရောင်းချလာရာ ကန်တော်ကြီး ကရဝိက်(စနေနေ့ဈေး)၊ မြို့တော်ခန်းမရှေ့ (သောကြာနေ့ဈေး)၊ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ (RIT) ရှေ့မှ စိုက်ပျိုးရေးဦးစီးဌာန(ဗုဒ္ဓဟူးနေ့ဈေး)၊ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်မှ (စနေနေ့)ဈေးတို့တွင်လည်း ပုံမှန်ရောင်းချလျက် ရှိသည်။

**သန့်ဇင်ဝင်း**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့သို့ရောက်ရှိလာသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



**စစ်တွေ ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီးတို့သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့နှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ဧည့ဝတီ(က) ရပ်ကွက်ရှိ ဓမ္မာရာမပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၊ မင်းဂံရပ်ကွက်ရှိ ဝိဘဇ္ဇဝါဒီ(ပရဟိတ) ဘုန်းတော်ကြီးကျောင်းနှင့် ပြည်တော်သာရပ်ကွက်ရှိ ဗုဒ္ဓေါမော်ဘုန်းတော်ကြီးကျောင်းတိုက်တို့၌ ရောက်ရှိနေကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓမ္မာရာမပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းတိုက်အတွင်း ရောက်ရှိနေသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းတိုက်ဓမ္မာရုံ၌ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့်တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး အခက်အခဲရှိပါက တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်သူများက လိုအပ်ချက်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက တစ်လစာဆန်ရိက္ခာ ၁၀၉ အိတ်ကျော်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိဘဇ္ဇဝါဒီ(ပရဟိတ) ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများကို တွေ့ဆုံအားပေးကာ တစ်လစာဆန်ရိက္ခာ ၁၄ အိတ်ကျော်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗုဒ္ဓေါမော်ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများကို တွေ့ဆုံအားပေးကာ တစ်လစာဆန်ရိက္ခာ ၁၇ အိတ်ကျော်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ပြည်တွင်းနေရပ်စွန့်ခွာသူများမှာ ဓမ္မာရာမပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၉၉ စု၊ ကျား ၁၃၅ ဦး၊ မ ၂၂၄ ဦး၊ ဝိဘဇ္ဇဝါဒီ(ပရဟိတ) ဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၁၆ စု၊ ကျား ၂၆ ဦး၊ မ ၃၉ ဦးနှင့် ဗုဒ္ဓေါမော်ဘုန်းတော်ကြီး ကျောင်းတိုက်၌ အိမ်ထောင်စု ရှစ်စု၊ ကျား ၁၆ ဦးနှင့် မ ၂၀ တို့ နေထိုင်လျက်ရှိသည်။

**ထောက်ပံ့ပေးအပ်**

၎င်းမိသားစုဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာတစ်လစာနှင့် ကျောင်းသုံးစာအုပ်များ၊ အားကစားပစ္စည်းများနှင့် ကလေးကစားစရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ ပြည်တွင်းနေရပ်စွန့်ခွာသူများမှာ ရသေ့တောင်မြို့နယ်အတွင်းမှ စစ်တွေမြို့သို့ ခေတ္တခိုလှုံရန် ရောက်ရှိလာကြသူများဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ– တင်ထွန်း(ပြန်/ဆက်)**

# လပွတ္တာမြို့နယ် ကလေးစာပေပွဲတော် ရင်တွင်းစကားသံများ

**ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ လပွတ္တာမြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်(လပွတ္တာ)ကို တိုင်းဒေသကြီးအတွင်း (၁၅)ကြိမ်မြောက်အဖြစ် လပွတ္တာမြို့နယ် အထက(၂) ကျောင်းဝင်းအတွင်း၌ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ကလေးစာပေပွဲတော် ရင်တွင်းပီတိစကားသံများအား ဖော်ပြပေးလိုက်ပါသည် –**



ဦးကျော်တင်



ဒေါ်အေးအေးမြင့်



ဦးဝင်းမောင်



မောင်ကျော်တေဇ



မရွှေပြည့်ပြည့်

**ဦးကျော်တင်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး**
**လပွတ္တာခရိုင်**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်မှုနဲ့ ဧရာဝတီတိုင်းဒေသကြီး ခြောက်ခရိုင်လုံးမှ ၂၆ မြို့နယ်လုံးမှာ ကလေးစာပေပွဲတော် ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ကလေးစာပေပွဲတော်နဲ့ပတ်သက်ပြီး လပွတ္တာမြို့နယ်ထဲက ထက်/လယ်/မူ ကျောင်းသား ကျောင်းသူတွေ တွေ့ဆုံခွင့်ရတယ်။ ပြခန်းတွေမှာလည်း GTI ပြခန်းအပါအဝင် ၁၉ ခန်း ပြသထားပါတယ်။ ဒီပြခန်းတွေကနေပြီး ကလေးငယ်တွေနဲ့ပတ်သက်တဲ့ ဗဟုသုတယူစရာတွေ၊ လက်တွေ့မြင်ရတဲ့ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားပြခန်းမှာဆိုရင် ဧရာဝတီတိုင်းသားတွေ ဘယ်လောက်ထူးချွန်ထက်မြက်ကြတယ်ဆိုတာကို ပညာသင်ကြားနေတဲ့ လူငယ်လူရွယ်တွေ ဗဟုသုတရဖွယ် ပြသထားခြင်းဖြစ်ပါတယ်။ အနုပညာရှင်များကနေ နိုင်ငံ့ခေါင်းဆောင်များအထိ ပြသထားတဲ့ ပြခန်းဖြစ်တာကြောင့် ကလေးတွေအတွက် လေးစားအားကျစရာ၊ အတုယူစရာဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကလေးငယ်တွေအနေနဲ့ အတုယူစရာတွေအတုယူပြီးတော့ ထူးချွန်ထက်မြက်တဲ့၊ ဘက်စုံတော်တဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်လာနိုင်မယ်လို့ ထင်မြင်မိပါတယ်။

**ဒေါ်အေးအေးမြင့်၊ ကျောင်းအုပ်ဆရာမကြီး**
**အထက (၂) လပွတ္တာမြို့**

လပွတ္တာမြို့မှာ ကလေးစာပေပွဲတော်ကျင်းပဖြစ်တဲ့အတွက် တစ်မြို့နယ်လုံးမှာရှိတဲ့ ကလေးတွေအားလုံး ပါဝင်ခွင့်ရတယ်။ ဒါကြောင့် ဝမ်းသာပီတိဖြစ်မိပါတယ်။ အရင်နှစ်က တိုင်းအဆင့်မှာပြုလုပ်တော့ မြို့ပေါ်က ကလေးတွေသာပါဝင်ခွင့်ရပြီး ကျေးရွာအဆင့်က ကျောင်းတွေပါဝင်ခွင့်မရခဲ့ကြဘူး။ ကလေးငယ်တွေအားလုံး သူတို့ရဲ့စာဖတ်စွမ်းရည်တွေ မြှင့်တင်ပေးဖို့အတွက်၊ အပြော စွမ်းရည်တွေမြှင့်တင်ပေးဖို့အတွက် ပုံပြောပြိုင်ပွဲတွေ၊ ကဗျာရွတ်ပြိုင်ပွဲတွေ ပါဝင်ပါတယ်။ သူတို့ရဲ့ အနုပညာပိုင်းမှာလည်း ဖျော်ဖြေမှုအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရှိလို့ ကလေးငယ်များကိုယ်စား အထူးပဲဝမ်းသာရပါတယ်။ ကလေးစာပေပွဲတော်ကနေ လုပ်ပေးလိုက်တဲ့ စာဖတ်ရှိန်မြှင့်တင်ရေး အလေ့အကျင့်ကောင်းလေးကနေ အမြဲတမ်းရရှိကြပါစေလို့ ပြောချင်ပါတယ်။

**ဦးဝင်းမောင်၊ မြို့မိမြို့ဖ**
**လပွတ္တာမြို့**

ကလေးစာပေပွဲတော်လို့ နာမည်တပ်သော်လည်း ကလေးတွေအတွက် ကဏ္ဍစုံပါဝင်လို့ ကလေးများရဲ့ ကာယဉာဏဖွံ့ဖြိုးမယ့် လုပ်ငန်းစဉ်တွေအနေနဲ့ တွေ့ရပါတယ်။ အထူးသဖြင့် စာပေပွဲတော်ကို အကြောင်းပြုပြီးတော့ ကလေးတွေရဲ့ နှုတ်မှုစွမ်းရည်၊ လက်မှုစွမ်းရည်၊ သူတို့ရဲ့ ရင်တွင်းရသခံစားမှုစတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်ပေးတဲ့အပြင် ကာယဖွံ့ဖြိုးမှုဆိုတဲ့ အားကစားပြိုင်ပွဲတွေလည်း ပါဝင်ထည့်သွင်းထားတဲ့အတွက် ကလေးစာပေပွဲတော်ဆိုတာထက် ကလေးဘက်စုံပွဲတော်လို့ပြောရင် မှားမယ်လို့မထင်ပါဘူး။

**မောင်ကျော်တေဇ၊ သတ္တမတန်း**
**အထက(၁)လပွတ္တာမြို့**

အခုလို ကျွန်တော်တို့ လပွတ္တာမြို့မှာ ကလေးစာပေပွဲတော် ကျင်းပပေးတဲ့အတွက် အထူးဝမ်းသာမိပါတယ်။ ကလေးစာပေပွဲတော်မှာ စာအုပ်စာပေပြပွဲ၊ ပန်းချီနဲ့ ပုံပြောပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များကလည်း ပျော်ရွှင်စရာကောင်းပါတယ်။ စာပေပွဲတော်ကနေ ကျွန်တော်တို့အတွက် အသိအမြင်၊ ဗဟုသုတ၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားတိုးတက်မှုကို အထောက်အကူပြုမယ်လို့ ယုံကြည်မိပါတယ်။ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားပြခန်းမှာလည်း လေးစားအားကျ ဂုဏ်ယူစရာဖြစ်ပါတယ်။ ကလေးစာပေပွဲတော်မှာ ပါဝင်ဆင်နွှဲရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မရွှေပြည့်ပြည့်၊ Grade – 5**
**အမှတ် (၆)အခြေခံပညာမူလတန်းကျောင်း လပွတ္တာမြို့**

ဒီလိုမျိုး ကျင်းပပေးတာ အလွန်ပျော်ပါတယ်ရှင့်။ စာအုပ်တွေဆိုရင်လည်း သမီးတို့က ဟိုဆိုင်၊ ဒီဆိုင် လိုက်ရှာဝယ်ရတာ အဆင်မပြေဘူးလေ။ အခုတော့ တစ်နေရာတည်းမှာ ဝယ်လို့ရတဲ့အတွက် အဆင်ပြေပါတယ်။ သမီးတို့ ကလေးတွေအတွက် စာအုပ်တွေက အရေးကြီးပါတယ်။ အထူးလိုအပ်တယ်လေ။ ပြီးတော့ ကလေးတွေဆိုတော့ ပြိုင်ပွဲပြိုင်တာကိုလည်း ကြိုက်တယ်။ သမီးအခု ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ စာရင်းပေးထားပါတယ်။ ဒီလိုပွဲတွေ ကျင်းပတာလည်း နှစ်သက်ပါတယ်။ လိုလည်းလိုအပ်တယ်လို့ ထင်မြင်မိပါတယ်ရှင့်။

ကလေးစာပေပွဲတော် (လပွတ္တာ)တွင် ကလေးများ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်နှင့် ဂိမ်းကစားနည်းများ၊ ပန်းချီဆေ ရောင်ခြယ်ပြိုင်ပွဲ ၊ စာပေဟောပြောပွဲ၊ ကလေးများ၏ ဖျော်ဖြေပွဲများဖြင့် စီစဉ်ထားရှိပြီး စာအုပ်များကိုလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း– အောင်မင်း ၊ အောင်အောင်၊ လွှမ်းသီဟ ၊ ဝင်းကျော်မြင့်**
**ဓာတ်ပုံ–အောင်မင်း(မြောင်းမြ)**



# ပြည်တွင်း ပြည်ပခရီးသွားများ သွားရောက်ဖူးမြော်လေ့လာသည့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးမြို့သို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်မှုများပြားလျက်ရှိရာ ခရီးသွားဧည့်သည်အများစုမှာ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ သွားရောက်ဖူးမြော်လေ့လာမှုများပြားလျက်ရှိသည်။ ကုသိုလ်တော်ဘုရားတွင် လေ့လာစရာများရှိပြီး ကြာပန်းတစ်မျိုးတည်းကိုသာ ကပ်လှူပူဇော်သည့်အလေ့အထမှာ ပိုမိုထူးခြားလှသည်။

ကုသိုလ်တော်ဘုရားမှာ ရတနာပုံခေတ်လက်ရာစည်းခုံပုံ မြေပေါက်စေတီဖြစ်ပြီး စိတ်ဝင်စားစရာများစွာနှင့် ထူးခြားမှုများစွာရှိသော စေတီပင်ဖြစ်သည်။ ထူးခြားမှုများထဲတွင် ပဥ္စမသင်္ဂါယနာတင် ပိဋကတ်သုံးပုံကျောက်စာချပ် ၇၂၉ ချပ်အား ဓမ္မစေတီများ ဆောက်လုပ်ထားရှိခြင်း၊ နန်းတော်ကြီးနှင့်တစ်ပြိုင်နက်တည်ဆောက်ခဲ့ခြင်း၊ သတ္တဌာနတွင် တစ်ခုအပါအဝင် စေတီဖြစ်ခြင်းတို့မှာ ကုသိုလ်တော်ဘုရား၏ ထူးခြားချက်များပင်ဖြစ်သည်။

မဟာရံတံတိုင်းကြီးသုံးထပ်ကို အရပ်လေးမျက်နှာတွင် တင့်တယ်လှပသောခြင်္သေ့၊ မကရ်းရုပ်တုများ ပါဝင်သည့် အနုပညာ လက်ရာမြောက်မုခ်ပြာသာဒ်ဝင် ပေါက်များဖြင့် ထူးခြားစွာ တည်ဆောက်ထားသည်။ တံတိုင်းများအတွင်းတွင် မြနန်း စံကျော်ရွှေနန်းတော်ကြီးပေါ် ပဥ္စမသင်္ဂါယနာတင်ခဲ့သော ကျောက်စာချပ် ၇၂၉ ချပ်အား သီဟိုဠ်စွယ်တော်ကြုတ်ပုံ ဓမ္မစေတီများဖြင့် တစ်ချပ်လျှင် တစ်ဆူစီတည်ထားမှုကြောင့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ရှားလှသည်။

**နွေနဒီ(မြစ်ငယ်)**

❖ **မတ်လတွင်ကစားမည့်မှ**

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲကစားရမည်ဖြစ်ပြီး မတ် ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ် ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ နောက်ဆုံးပွဲကိုမူ ဇွန် ၉ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှစ်ပွဲ ယှဉ်ပြိုင်ရမည့်အနက် ငါးပွဲကစားထားသောကြောင့် သုံးပွဲသာ ထပ်မံကစားရတော့မည်ဖြစ်သည်။ ယင်းသုံးပွဲတွင် အိမ်ကွင်းတစ်ပွဲသာ ကစားရမည်ဖြစ်ပြီး ကာဂျစ္စတန်နှင့်ပွဲကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်သည်။

ကာဂျစ္စတန်အသင်းနှင့် ပွဲကို မူလက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း မန္တလေးမြို့ရှိ မန္တလာသီရိကွင်းသို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ အန်တွမ်နီဟေးသည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်တွင် ပြန်လည်ခန့်အပ်ခံခဲ့ရပြီး ၎င်းလက်ထက်တွင် မြန်မာအသင်းသည် သုံးပွဲစလုံး အနိုင်ရထားသည်။ ပထမဆုံးပွဲဖြစ်သည့် နီပေါလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် သုံးဂိုးပြတ်အနိုင်ရခဲ့သလို ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် သုံးပွဲဆက်ရှုံးနိမ့်ထားမှုကိုလည်း ရပ်တန့်ကာ နှစ်ပွဲဆက်ပြန်လည်အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နိုဝင်ဘာလတွင် ကစားသည့် အိမ်ကွင်းနှစ်ပွဲတွင် တာဂျစ်ကစ္စတန်အသင်းကို လေးဂိုး-သုံးဂိုး၊ မွန်ဂိုလီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ရလဒ်ကောင်းရန် ကာဂျစ္စတန်နှင့် အိမ်ကွင်း၊ ဇွန်လတွင် ကစားရမည့် တာဂျစ်ကစ္စတန်အသင်းတို့နှင့်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းနှစ်သင်းနှင့် တစ်မှတ်အကွာတွင် ရှိနေသောကြောင့် ထိပ်တိုက်တွေ့ဆုံသည့်ပွဲများတွင် ရလဒ်ကောင်းမှသာ အခြေအနေကောင်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစားခြောက်မှတ်ရထားသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ယင်းနှစ်ပွဲအတွက် ကစားသမားရွေးချယ်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ဇန်နဝါရီ ၅ ရက်က ကစားခဲ့သည့် ချာရတီဖလားပြိုင်ပွဲကို ကြည့်ရှုခဲ့သလို ဇန်နဝါရီ ၁၀ ရက်တွင် စတင်မည့် MNL အမှတ်ပေးပွဲစဉ်များကိုလည်း လိုက်လံကြည့်ရှုမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

■ **၂၀၂၀ မှ**

လက်ခံကျင်းပခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် ယခုရာသီအမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းမှာ ၂၀၂၁ ရာသီ ချာရတီဖလားကို



၂၀၂၀ ချာရတီဖလားပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်စဉ်။

လက်ခံကျင်းပခွင့်ရမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် MFF ချာရတီဖလားပြိုင်ပွဲကို ၂၀၁၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သော်လည်း လာမည့်ရာသီမှစတင်ကာ ကျင်းပမည့်ကွင်းကို ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၂ ရာသီမှစတင်ကာ အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းကို ရာသီကြိုချာရတီဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ ဇန်နဝါရီ ၅ ရက်က YUSC ကွင်း၌ ကျင်းပသည့် ၂၀၂၀ ချာရတီဖလားပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ချာရတီဖလားပြိုင်ပွဲတစ်လျှောက် ၂၀၁၂ ခုနှစ်တွင် ရေဝတီအသင်း၊ ၂၀၁၃ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၄ ခုနှစ်တွင် ရှမ်းယူနိုက်တက်အသင်း (ယခင် ကမ္ဘောဇ)၊ ၂၀၁၅ ခုနှစ်တွင် ရေဝတီအသင်း၊ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၇ ခုနှစ်တွင် မကွေးအသင်း၊ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၉ ခုနှစ်တွင် ရှမ်းယူနိုက်တက်အသင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ရှမ်းယူနိုက်တက်အသင်းတို့ ဗိုလ်စွဲထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

❁ **ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ**

မနီးမဝေးတွင်လည်း ပုပ္ပားတောင်ကလပ်ရှိနေသေးရာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာသင့်သည့်နေရာဖြစ်ကြောင်း ပြင်သစ်ဧည့်လမ်းညွှန် မစိုးစိုးအောင်ကတစ်ဆင့် ပြင်သစ်နိုင်ငံသားများက ပုဂံဒေသ၏ ကျယ်ဝန်းပြီး ရှေးဟောင်းအဆောက်အအုံများ နီးနီးကပ်ကပ်တည်ရှိနေပုံကို ပြောကြားကြသည်။

ရုံးသုံးရက်ပိတ်သည့်ကာလအတွင်း သမိုင်းဝင်နာမည်ကြီးဘုရားများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များဖြင့် စည်ကားနေကြောင်းနှင့် သာမန်အချိန်မှာပင် ခရီးသွားမပြတ်သည့် ပုဂံဒေသတွင် ရုံးပိတ်ရက်သုံးရက်အတွင်း ဘုရားဖူးများဖြင့် စည်ကားနေကြောင်း ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုထိန်(ငှါသရောက်)**

# နေအိမ်မှ ထွက်ပြေးလာသော အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်သုံးဦးကို မိဘများထံ ပြန်လည်အပ်နှံ

**ပဲခူး ဇန်နဝါရီ ၆**

ပဲခူးမြို့မှ မန္တလေးမြို့သို့ အလုပ်လုပ်ကိုင်ရန် မိဘများမသိအောင် ထွက်ပြေးလာသည့် အရွယ်မရောက်သေးသည့် (၉)တန်းကျောင်းသူ သုံးဦးကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့က ထိန်းသိမ်းထားရှိပြီး ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းသူသုံးဦးသည် ဇန်နဝါရီ ၃ ရက် ညနေပိုင်း ကျောင်းဆင်းချိန်တွင် အလုပ်လုပ်ကိုင်ရန်အတွက် မန္တလေးမြို့သို့သွားရန် ပဲခူးမြို့မှ ရန်ကုန်မြို့သို့ လိုင်းကားဖြင့် လိုက်ပါသွားပြီး ရန်ကုန်မြို့မှတစ်ဆင့် မန္တလေးမြို့သို့ ခရီးသည်တင်မှန်လုံယာဉ်လိုင်းဖြင့် ထပ်မံစီးနင်းလိုက်ပါလာခဲ့ရာ ဇန်နဝါရီ ၅ ရက် နံနက် ၅နာရီခွဲခန့်က မန္တလေးမြို့ ကျွဲဆည်ကန်ကားကြီးကွင်းသို့ ရောက်ရှိ၍ ကားကြီးကွင်းမှ ဈေးချိုသို့ လိုင်းကားဖြင့် လိုက်ပါလာခဲ့သည်။

ယင်းနောက် နီးစပ်ရာရပ်ကွက်အတွင်း အိမ်ငှားနေထိုင်ပြီး အလုပ်လုပ်ကိုင်ရန် စုံစမ်းနေစဉ် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီအဖွဲ့ဝင်က တွေ့ရှိ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားသဖြင့် အဆိုပါအမျိုးသမီးငယ်များကို ခေါ်ယူစစ်ဆေးမေးမြန်းရာ နေအိမ်မှ ထွက်ပြေးလာသော အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်များဖြစ်ကြောင်း သိရှိရ၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မိဘများထံ ဆက်လက်အကြောင်းကြားကာ အမျိုးသမီးငယ်သုံးဦးအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အမျိုးသမီးအဖော်များဖြင့် ထိန်းသိမ်းထားရှိခဲ့ပြီး ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက မိဘများထံ ပြန်လည်အပ်နှံခဲ့သည်။

မိဘများထံ ပြန်လည်လွှဲပြောင်းအပ်နှံရာတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ တာဝန်ရှိသူများ၊ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တာဝန်ရှိသူနှင့် အမှတ်(၆) နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစန်းလင်းနှင့် ရာအိမ်မှူးများက မိခင်များထံ အသိသက်သေများရှေ့တွင် လူကုန်ကူးမှုများအကြောင်း အသိပညာပေး၍ ဆုံးမစကားများပြောကြားကာ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**

CaféPOS® စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်

- အရောင်းစာရင်း
- Tablet ဖြင့် ဟင်းပွဲအမှာလက်ခံနိုင်ခြင်း။
- Table တစ်ခုထဲတွင် Bill ခွဲ/ပေါင်းရှင်းခြင်း။
- တိကျလျင်မြန်စွာတွက်ချက် Bill ထုတ်နိုင်ခြင်း။
- Food Court အတွက် Card စနစ်များဖြင့် အသုံးပြုနိုင်ခြင်း။
- Report ပေါင်း(၈၀)ကျော်



HOT LINE : 09- 43209550

မြန်မာနိုင်ငံတွင် နံပါတ် (၁) ရောင်းအား အကောင်းဆုံး စားသောက်ဆိုင်သုံးကွန်ပျူတာ စနစ် ကို စားသောက်ဆိုင်ပေါင်း (၆၀၀) ကျော်တွင် အောင်မြင်စွာ အသုံးပြုလျက် ရှိပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရန်ကုန်(ရုံးချုပ်) | 09- 43064181, 09- 420909100 | ဟင်္သာတ | 09- 455042500, 09- 455042499 | မုံရွာ | 09- 404404345, 09- 404404678 | ပုဂံ | 09- 404404308, 09- 404404309 |
| မန္တလေး | 09- 440067577, 09- 978030881 | တောင်ကြီး | 09- 444200771, 09- 444200772 | ကော့သောင်(?) | 09- 970133399, 09- 970233399 | မြင်း | 09- 404060994, 09- 404060995 |
| နေပြည်တော် | 09- 257333214, 09- 974432762 | မြိတ် | 09- 424008080, 09- 955042499 | | | | |

Galaxy Software Co., Ltd.

# အီရတ်တွင် ပြည်ပတပ်ဖွဲ့ဝင်များရှိနေမှုကို အဆုံးသတ်ရန် အစိုးရအား အီရတ်ပါလီမန်တောင်းဆို



**ဘဂ္ဂဒက် ဇန်နဝါရီ ၆**

အီရတ်တွင် ပြည်ပတပ်ဖွဲ့ဝင်များရှိနေမှုကို အဆုံးသတ်ရန်နှင့် အီရတ်လေပိုင်နက်နှင့် ရေပိုင်နက်တို့အား ပြည်ပတပ်ဖွဲ့ဝင်များ အသုံးပြုနေခြင်းကို တားဆီးပေးရန် အစိုးရအတွက် လိုအပ်သောဥပဒေမူကြမ်းတစ်ရပ်ကို အီရတ်ပါလီမန်က အတည်ပြုခဲ့သည်။

အီရတ်ပါလီမန်၏ သီးသန့်အစည်းအဝေးတွင်မူ အီရတ်၌ စစ်ဘက်ဆိုင်ရာစစ်ဆင်ရေးနှင့် စစ်ပွဲများကြောင့် အိုင်အက်စ်အုပ်စုကို တိုက်ခိုက်ရန် နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့ဝင်များထံမှ အထောက်အပံ့များတောင်းဆိုမှုကို ပယ်ဖျက်ရေး၊ အစိုးရအတွက် လိုအပ်သောဥပဒေမူကြမ်းတစ်ရပ်ကိုအတည်ပြုရေး အီရတ်ဥပဒေပြုအမတ်များက မဲပေးခဲ့ကြသည်။


အီရတ်ပိုင်နက်နယ်မြေတွင် ပြည်ပတပ်ဖွဲ့ဝင်များရှိနေမှုကို အဆုံးသတ်ရန်နှင့် မည်သည့်အကြောင်းပြချက်နှင့်မဆို အီရတ်လေပိုင်နက်အား ပြည်ပတပ်ဖွဲ့ဝင်များအသုံးပြုနေခြင်းမှ တားဆီးပေးရန် အီရတ်အစိုးရအနေဖြင့် လုပ်ဆောင်သင့်ကြောင်း ပါလီမန်က ဆုံးဖြတ်ချက်ချခဲ့သည်။

ပါလီမန်အစည်းအဝေးသို့ အီရတ်ဝန်ကြီးချုပ် အဒယ်လ်အက်ဗ္ဗဒူလ်မာဒီ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးသည် ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အမေရိကန်က ဒရုန်းဖြင့် တိုက်ခိုက်မှုတွင် အီရန်၏ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက် နှစ်ရက်အကြာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သည် အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့ကို အဓိကထောက်ပံ့ပေးလျက် အိုင်အက်စ်စစ်သွေးကြွများအား ဆန့်ကျင်သည့် တိုက်ခိုက်မှုများတွင် အီရတ်တပ်ဖွဲ့ဝင်များအား အထောက်အပံ့ပေးရန် အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၅၀၀၀ ကျော် အီရတ်တွင် ဖြန့်ကြက်ထားသည်။

ထို့ကြောင့် အမေရိကန်နှင့် အီရန်အကြား တည်ရှိနေသည့် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာဆက်ဆံရေးများ၏ အရေးပါမှုကို ပြန်လည်စဉ်းစားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အီရန်ခေါင်းဆောင်များအား တိုက်တွန်းထားကြောင်း အစီရင်ခံစာတစ်စောင်က ဖော်ပြထားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ဗြိတိန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ရရှိရန် ဂျပန်လိုလား

**တိုကျို ဇန်နဝါရီ ၆**

ဂျပန်အစိုးရသည် လာမည့်လအစောပိုင်းတွင် ဗြိတိန်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံအနေဖြင့် ဗြိတိန်သို့ မိမိနိုင်ငံမှ အများဆုံးတင်ပို့နေသည့် မော်တော်ကားများအပေါ်တွင် အခွန်စည်းကြပ်မှုကို ပယ်ဖျက်ရန် လိုလားနေသည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီ အနိုင်ရရှိပြီးနောက် ဗြိတိန်သည် ဇန်နဝါရီလအကုန်တွင် ဥရောပသမဂ္ဂမှ နုတ်ထွက်ရန် ဆောင်ရွက်နေသည်။

ဘရက်ဆစ်အပြီးကာလတွင် ဂျပန်အနေဖြင့် ဗြိတိန်နှင့် ကုန်သွယ်ရာတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များအရ ဥရောပသမဂ္ဂမှ ချမှတ်ထားသော စည်းမျဉ်းများအပေါ်တွင် အခြေခံပြီး ဆောင်ရွက်နိုင်သည်။

ဂျပန်အနေဖြင့် အခွန်စည်းကြပ်မှုကို အမြန်ဆုံးပယ်ဖျက်ရန် ဆန္ဒရှိသော်လည်း ဗြိတိန်မှာ ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးပွဲကျင်းပရန် ဦးစားပေးဆောင်ရွက်နေသဖြင့် ဂျပန်နှင့်ဆွေးနွေးရန်မှာ လတ်တလောတွင် အကောင်အထည်မပေါ်လာသေးသည့်အခြေအနေတွင် ရှိနေသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

# အရှေ့အလယ်ပိုင်းဒေသအရေး အိန္ဒိယ၊ အမေရိကန်၊ ယူအေအီး၊ အိုမန်နိုင်ငံခြားရေးဝန်ကြီးတို့ ဆက်သွယ်ဆွေးနွေး

**နယူးဒေလီ ဇန်နဝါရီ ၆**

အိန္ဒိယပြည်ပရေးရာဝန်ကြီး အက်စ်ဂျေးရှန်ကာသည် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုအရှိန်မြင့်မားနေစဉ် ပင်လယ်ကွေ့ဒေသတွင် ဖြစ်ပွားနေသော အခြေအနေများနှင့်ပတ်သက်၍ ယမန်နေ့ညက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို၊ ယူအေအီးနိုင်ငံခြားရေးဝန်ကြီးနှင့် အိုမန်နိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့သည်။

"ပင်လယ်ကွေ့ဒေသမှာဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနဲ့ တယ်လီဖုန်းနဲ့ ဆက်သွယ်ဆွေးနွေးခဲ့ပါတယ်"ဟု ဂျေးရှန်ကာက ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ယမန်နေ့ညက ရေးသားဖော်ပြထားသည်။

ထို့အပြင် အိန္ဒိယပြည်ပရေးရာဝန်ကြီးသည် ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အဗ္ဗဒူလာဘင်ဇေယက်အယ်လ်နာဟီယန်ကိုလည်း တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပြီး မကြာသေးမီက ဒေသအတွင်းဖြစ်ပွားသည့်ကိစ္စရပ်များအပေါ် နှစ်ဦးနှစ်ဖက်အကြား အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တစ်ဆက်တည်းမှာပင် အိန္ဒိယဝန်ကြီး ဂျေးရှန်ကာက အိုမန်နိုင်ငံခြားရေးဝန်ကြီး ယူဆော့ဖ်ဘင်အာလာဝီဘင်အဗ္ဗဒူလာနှင့်အတူ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ပြီး ပင်လယ်ကွေ့ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် လုံခြုံရေးအတွက် အိန္ဒိယအစိုးရ၏ စိတ်ဝင်စားမှုအပေါ် နှစ်ဦးနှစ်ဖက်က ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးသည် ယင်းနေ့အစောပိုင်းက အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗတ်ဇာရစ်ဖ်နှင့်အတူ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ပင်လယ်ကွေ့ဒေသအတွင်း လတ်တလောဖြစ်ပွားနေသော တင်းမာမှုများနှင့်ပတ်သက်၍ အိန္ဒိယအစိုးရအနေဖြင့် စိုးရိမ်မိကြောင်းထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံစဉ် ပင်လယ်ကွေ့ဒေသအတွင်း ဖြစ်ပေါ်ပြောင်းလဲလာသော နောက်ဆုံးအခြေအနေများနှင့်ပတ်သက်၍ နှစ်ဖက်အကြား ဆက်သွယ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် သဘောတူခဲ့ကြသည်။

ဇန်နဝါရီ ၃ ရက်က အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ သေဆုံးခဲ့ပြီးနောက် အမေရိကန်နှင့် အီရန်အကြား တင်းမာမှုအရှိန်မြင့်မားလာခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# တူရကီတပ်ဖွဲ့များအား လက်ဘနွန်သို့ ဖြည်းဖြည်းချင်းသာ စေလွှတ်သွားမည်ဟု ဆို



**အန်ကာရာ ဇန်နဝါရီ ၆**

ကုလသမဂ္ဂမှ အသိအမှတ်ပြုထားသည့် လစ်ဗျားအမျိုးသားညီညွတ်ရေးအစိုးရ (ဂျီအင်န်အေ)နှင့် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်အရ တူရကီတပ်ဖွဲ့များအား လစ်ဗျားနိုင်ငံအတွင်းသို့ ဖြည်းဖြည်းချင်းသာ စေလွှတ်သွားမည်ဖြစ်ကြောင်း တူရကီသမ္မတရီဆစ်တေးယစ်အာဒိုဂန်က ဇန်နဝါရီ ၅ ရက် ညနေပိုင်းက စီအင်န်အင်န်ရုပ်မြင်သံကြား သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

လစ်ဗျားသို့ စေလွှတ်သည့် တူရကီတပ်ဖွဲ့များ၏တာဝန်မှာ အပစ်အခတ်ရပ်စဲမှုကို သေချာအောင်လုပ်ဆောင်ရန်နှင့် တိုက်ခိုက်မှုများ မဖြစ်ပေါ်စေရေးဖြစ်ကြောင်း၊ လစ်ဗျားနိုင်ငံ၏ တရားဝင်အစိုးရ အားကောင်းခိုင်မာရေးအတွက် မိမိတို့လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လစ်ဗျားနိုင်ငံအတွင်းသို့ တူရကီတပ်ဖွဲ့များ စေလွှတ်ရေးအတွက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် တူရကီလွှတ်တော်က သဘောတူခွင့်ပြုခဲ့သည်။ တူရကီနိုင်ငံသည် ကုလသမဂ္ဂမှ ထောက်ခံထားသည့် လစ်ဗျားအစိုးရ (ဂျီအင်န်အေ)နှင့် စစ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားခဲ့ပြီး လွန်ခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းကလည်း အငြင်းပွားမှုများရှိသည့် ပင်လယ်ရေကြောင်းဆိုင်ရာ နယ်နိမိတ်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဇော်ဝင်း

# ဘဂ္ဂဒက်မြို့ရှိ အမေရိကန်သံရုံးအနီးသို့ ဒုံးကျည်သုံးစင်း ကျရောက်

**ဘဂ္ဂဒက် ဇန်နဝါရီ ၆**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံးအနီးသို့ ဇန်နဝါရီ ၅ ရက်က ဒုံးကျည်သုံးစင်း ကျရောက်ခဲ့ကြောင်း၊ အဆိုပါဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် အမေရိကန်နှင့် အီရန်တို့အကြား တင်းမာမှုများ မြင့်တက်နေစဉ်နှင့် အီရတ်နိုင်ငံ၏မြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်က လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် နှစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်သုံးစင်းပစ်ခတ်ခဲ့ကြောင်း၊ ဒုံးကျည်သုံးစင်းအနက်မှ နှစ်စင်းမှာ အမေရိကန်သံရုံးတည်ရှိရာ အခိုင်အခံ့တည်ဆောက်ထားသည့် အစိမ်းရောင်ဇုန်အတွင်းသို့ ကျရောက်ခဲ့ကြောင်းနှင့် အဆောက်အဦများမှာ မည်သည့်ပျက်စီးမှုမျှမရှိကြောင်း အီရတ်လုံခြုံရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။ အခြားဒုံးကျည်တစ်စင်းမှာမူ အနီးအနားရှိ အိမ်တစ်လုံးပေါ်သို့ ကျရောက်ကာ ဒေသခံသုံးဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဒုံးကျည်ပစ်ခတ်မှုနှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ကမျှ တာဝန်ရှိကြောင်း ပြောကြားခြင်းမရှိခဲ့ပေ။ သို့ရာတွင် ဒေသခံရှီးယိုက်စစ်သွေးကြွအုပ်စု Kataib ဟစ်ဇ်ဘိုလာအဖွဲ့က အမေရိကန်နှင့် ဆက်နွှယ်မှုရှိသည့် အဆောက်အဦများကို တိုက်ခိုက်ရန် ခြိမ်းခြောက်ခဲ့ပြီးနောက် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါစစ်သွေးကြွအုပ်စုတည်ထောင်သူသည် ဇန်နဝါရီ ၃ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း အီရန်၏ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်မှ တပ်မှူးတစ်ဦးနှင့်အတူ သေဆုံးခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊
ဘာသာပြန်-အလင်းသစ်



# အရှေ့အလယ်ပိုင်းဒေသသို့ တပ်ဖွဲ့များစေလွှတ်မည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ပြော

**တိုကျို ဇန်နဝါရီ ၆**

အီရန် ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦး အမေရိကန်တို့၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရမှုကြောင့် ဒေသတွင်း၌ တင်းမာမှုများ မြင့်တက်လင့်ကစား သင်္ဘောများ ဘေးအန္တရာယ်ကင်းစေရန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ကို အရှေ့အလယ်ပိုင်းဒေသသို့ ဖြန့်ကြက်မည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားလိုက်သည်။ သက်ဆိုင်ရာတိုင်းပြည်များအနေဖြင့် တင်းမာမှုများဖြေလျှော့ရန်နှင့် ရှောင်ရှားနိုင်ရန် သံတမန်ပိုင်းဆိုင်ရာ ကြိုးပမ်းမှုများလုပ်ဆောင်ကြရန် ယနေ့ကျင်းပသည့် ရုပ်သံသတင်းစာရှင်းလင်းပွဲတစ်ခု၌ ရှင်ဇိုအာဘေးက တောင်းဆိုခဲ့သည်။



**ရှောင်ရှားသင့်**

"အရှေ့အလယ်ပိုင်းဒေသမှာ တင်းမာမှုတွေမြင့်တက်နေပြီး ကျွန်တော် တကယ်ကို စိုးရိမ်မိပါတယ်။ နောက်ထပ်တင်းမာမှုတွေ မဖြစ်အောင် ရှောင်ရှားသင့်ပြီး တင်းမာမှုတွေ ပြေလျော့စေမယ့် သံတမန်ပိုင်းဆိုင်ရာ ကြိုးပမ်းမှုတွေလုပ်ဆောင်ဖို့ သက်ဆိုင်ရာနိုင်ငံတွေ အားလုံးကို ကျွန်တော် တောင်းဆိုပါတယ်" ဟု ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်စဲ၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ အာဘေးက သတင်းထောက်များကို ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံနှင့် ပတ်သက်သော သင်္ဘောများမောင်းနှင်သည့် လမ်းကြောင်း အန္တရာယ်ကင်းစေသည့် သတင်းအချက်အလက်များ စုဆောင်းမှုမြှင့်တင်ရန် အရှေ့အလယ်ပိုင်းဒေသသို့ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ စေလွှတ်ရန်စီစဉ်နေကြောင်း ရှင်ဇိုအာဘေးကပြောသည်။ အမေရိကန်နိုင်ငံက ပြီးခဲ့သည့်အပတ်အတွင်း ဘဂ္ဂဒက်လေဆိပ် အနီး၌ ယာဉ်တန်းဖြင့်သွားလာနေသည့် အီရန်တပ်မှူး ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီကို မောင်းသူမဲ့လေယာဉ်တစ်စင်းဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုက အမေရိကန်နှင့် အီရန်ကြား ကာလရှည်ကြာ ရန်လိုမုန်းတီးမှုများကို အခြားပိုင်နက်နယ်မြေအထိ ရောက်ရှိစေခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသတွင် ပိုမိုကျယ်ပြောသော ပဋိပက္ခ အရှိန်မြင့်တက်စေခဲ့သည်။ ရေနံစိမ်းတင်သင်္ဘောများမှ ၉၀ ရာခိုင်နှုန်း နီးပါး ပြုလုပ်ရာ အရှေ့အလယ်ပိုင်းဒေသသို့ စစ်သင်္ဘောတစ်စင်းနှင့် ကင်းလှည့်လေယာဉ်များ စေလွှတ်မည်ဟု ဂျပန်အစိုးရက ပြီးခဲ့သည့် လနှောင်းပိုင်းအတွင်း ကြေညာခဲ့သည်။ အီရန်နိုင်ငံနှင့်လည်း ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိသည့် အမေရိကန်၏ မဟာမိတ်တစ်နိုင်ငံဖြစ်သည့် ဂျပန်က အရှေ့အလယ်ပိုင်းဒေသ၌ သင်္ဘောများကိုကာကွယ်ရန် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့နှင့်ပူးပေါင်းခြင်းထက် ကိုယ်ပိုင်အစီအစဉ်ဖြင့်ဆောင်ရွက်ရန် ရွေးချယ်ခဲ့သည်။

ဂျပန်အစိုးရက ကင်းလှည့်လေယာဉ်များ စောင့်ကြပ်မှုကို ယခုလအတွင်း စတင်မည်ဖြစ်ပြီး ဖျက်သင်္ဘောမှာ ဖေဖော်ဝါရီလအတွင်း လုပ်ငန်းများစတင်ဖွယ်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကိုးကား-သည်စထရိတ်တိုင်းမ်
ဘာသာပြန် – ကျော်ထိုက်စိုး

## အီရန်ပြဿနာနှင့် ပတ်သက်၍ နေတိုးအဖွဲ့မှ သံအမတ်ကြီးများ အစည်းအဝေးပြုလုပ်မည်

**ဘရပ်ဆဲလ် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံက အီရန်ထိပ်တန်း ဗိုလ်ချုပ်ကြီးတစ်ဦးကို သတ်ဖြတ်ခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများမြင့်တက်လာသဖြင့် နေတိုးအဖွဲ့မှ သံအမတ်ကြီးများသည် ၎င်းတို့၏ဌာနချုပ် ဘရပ်ဆဲလ်မြို့၌ တနင်္လာနေ့တွင် အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်သည်။ မြောက်အတ္တလန္တိတ်ကောင်စီသည် အရှေ့အလယ်ပိုင်းဒေသရှိ အခြေအနေကို ဖြေရှင်းမည်ဖြစ်ကြောင်း၊ မဟာမိတ်နိုင်ငံများနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက် နေတိုးအတွင်းရေးမှူးချုပ်က နေတိုးအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၏ အစည်းအဝေးကို ကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း နေတိုးအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်အပတ်က ဘဂ္ဂဒက်မြို့လေဆိပ်တွင် အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီအား အမေရိကန်က ဒရုန်းဖြင့် တိုက်ခိုက်သတ်ဖြတ်မှုသည် အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံများကို အံ့အားသင့်စေခဲ့ပြီး အခြေအနေတင်းမာမှုကိုလျှော့ချရန် တောင်းဆိုမှုများ ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း အီရန်နိုင်ငံက ၎င်းတို့၏ တပ်မှူးအတွက် လက်စားချေတုံ့ပြန်ရန် ကတိပြုထားသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း မည်သည့်အမေရိကန်ပစ်မှတ်ကိုမဆို အီရန်ကတိုက်ခိုက်လာပါက အကြီးအကျယ်တုံ့ပြန်တိုက်ခိုက်မည်ဟု အီရန်ကို ကြိမ်းဝါးခဲ့သည်။

အီရတ်နိုင်ငံတွင်လည်း အခြေအနေဆိုးရွားနေသည်။ အီရတ် ဥပဒေပြုအမတ်များက အီရတ်တွင် ဖြန့်ကြက်ချထားသည့် အမေရိကန်စစ်သား ၅၂၀၀ ကို နိုင်ငံအတွင်းမှ ထွက်ခွာသွားကြရန် တောင်းဆိုလျက်ရှိသည်။ နေတိုးအဖွဲ့သည် အီရတ်နိုင်ငံတွင် လေ့ကျင့်သင်တန်းပေးရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ အိုင်အက်စ် အစ္စလာမ်မစ် အစွန်းရောက်များကို တိုက်ခိုက်နိုင်ရန် ဒေသန္တရတပ်ဖွဲ့ဝင်များကို လေ့ကျင့်ပြင်ဆင်ပေးလျက်ရှိသည်။ သို့သော်လည်း နေတိုးညွန့်ပေါင်းတပ်ဖွဲ့များ ထွက်ခွာပါက ဒေသန္တရတပ်ဖွဲ့များကို လေ့ကျင့်သင်တန်းပေးရေးသည် မသေချာ မရေရာဖြစ်ပေလိမ့်မည်။

မဟာမိတ်တပ်ဖွဲ့ဝင်ရာချီ၍ ပါဝင်ဆောင်ရွက်နေသည့် ယင်းလေ့ကျင့်သင်တန်းပေးရေးလုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်နေကြောင်း၊ သို့သော်လည်း လေ့ကျင့်မှုများကို လတ်တလော၌ ဆိုင်းငံ့ထားကြောင်း စနေနေ့တွင် နေတိုးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နေတိုးအဖွဲ့ အတွင်းရေးမှူးချုပ် ဂျန်းစ်စတိုလ်တန်ဘာ့ဂ်သည် သောကြာနေ့တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အပ်စ်ပါနှင့် တယ်လီဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့သည်ဟု ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ ၊ ဘာသာပြန် – အောင်ဇော်လင်း**

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို သတ်ပေးနိုင်လျှင် ဒေါ်လာ သန်း ၈၀ ပေးမည်ဟု အီရန်က ဆုကြေးငွေထုတ်

**တီဟီရန် ဇန်နဝါရီ ၆**

ပြီးခဲ့သော သီတင်းပတ်အတွင်း လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ၏ ရုပ်သံမှထုတ်လွှင့်သည့် ဈာပနအခမ်းအနားအတွင်း အီရန်အာဏာပိုင်များက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဦးခေါင်းဖြတ်ပေးနိုင်သူအတွက် ဆုကြေးတစ်ရပ် သတ်မှတ်လိုက်ပြီဖြစ်သည်။

သတင်းများအရ ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့် သမ္မတ ဒေါ်နယ်ထရမ့်၏ ဦးခေါင်းဖြတ်ပေးနိုင်သူအတွက် အီရန်အာဏာပိုင်များက ဆုကြေးငွေအမေရိကန်ဒေါ်လာသန်း ၈၀ သတ်မှတ်ခဲ့သည်။ တိုင်းပြည်အတွင်းရှိ ပြည်သူတိုင်းသို့ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာစီ အဆိုပြုကာ ရရှိသည့် ဆုကြေးငွေကို အမေရိကန်သမ္မတအား သတ်ဖြတ်နိုင်သည့် မည်သူ့ကိုမဆို ချီးမြှင့်သွားမည်ဟု ဈာပနအခမ်းအနားအတွင်း နိုင်ငံပိုင်ရုပ်သံဌာနများက ပြောကြားခဲ့သည်။ "အီရန်နိုင်ငံမှာ လူဦးရေ သန်း ၈၀ ရှိပါတယ်။ အီရန်နိုင်ငံရဲ့ လူဦးရေအပေါ်အခြေခံပြီး သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ဦးခေါင်းဖြတ်ပေးနိုင်သူအတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ကျွန်တော်တို့ ကောက်ခံချင်ပါတယ်" ဟု ကြေညာခဲ့ကြောင်း en24 ၏ ဖော်ပြချက်အရ သိရသည်။

အီရန် ထိပ်တန်းတပ်မှူးတစ်ဦးဖြစ်သူ ဗိုလ်ချုပ်ကြီး ဆိုလန်းမန်းနီမှာ ဇန်နဝါရီ ၃ ရက်က ဘဂ္ဂဒက်လေဆိပ်၌ ယာဉ်တန်းဖြင့်သွားနေစဉ် အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့သည်။ တိုက်ခိုက်မှုက အမေရိကန်နှင့်အီရန်ကြား ကာလရှည်ကြာ ရန်လိုမုန်းတီးမှုများကို အခြားပိုင်နက်နယ်မြေအထိ ရောက်ရှိစေခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသတွင် ပိုမိုကျယ်ပြောသော ပဋိပက္ခဖြစ်လာစေခဲ့သည်။ "ကျွန်တော်တို့ အိမ်ဖြူတော်ကိုတောင် တိုက်ခိုက်နိုင်ပါတယ်။ သူတို့ကို အမေရိကန်မြေပေါ်မှာ လက်တုံ့ပြန်နိုင်ပါတယ်။" ဟု အီရန်လွှတ်တော်အမတ် အဘိုလ်ဖာဇယ်လ်က Iranian Labour News Agency သို့ ပြောကြားခဲ့သည်။ အီရန်နိုင်ငံက အမေရိကန်နိုင်ငံသားများ သို့မဟုတ် အမေရိကန်၏ ပိုင်ဆိုင်မှုပစ္စည်းများကို တိုက်ခိုက်လာလျှင် အီရန်နိုင်ငံရှိ နေရာ ၅၂ ခုကို ပြန်လည်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့သည့် သမ္မတ ဒေါ်နယ်ထရမ့်ကို "လူကြီးလူကောင်းဝတ်စုံဝတ် အကြမ်းဖက်သမားတစ်ဦး" ဟု တီဟီရန်မြို့တော်၌ ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ ခေါ်ဆိုခဲ့သည်။




အီရန်နိုင်ငံ၏ ဘာသာရေးခေါင်းဆောင်ကြီး အယာတိုလာအလီခါမေနီက ဗိုလ်ချုပ်ကြီး ဆိုလန်းမန်းနီ သေဆုံးမှုအတွက် လက်တုံ့ပြန်မည်ဟု ဇန်နဝါရီ ၃ ရက်က ကတိပြုခဲ့သည်။ အမေရိကန်ပစ်မှတ်များအပေါ် အီရန်တို့၏ နောက်ထပ် တိုက်ခိုက်မှုများရှိလာပါက အမေရိကန်နိုင်ငံက ဥပဒေနှင့် ညီညွတ်သော တိုက်ခိုက်မှုများလုပ်ဆောင်၍ တုံ့ပြန်မည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ပြောကြားခဲ့သည်။

ကိုးကား–The Mirror
ဘာသာပြန် – ကျော်ထိုက်စိုး



# ဖားကန့်နှင့် ရွာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် ညပိုင်းတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိပ်မူ-ဝေခါသွားလမ်းတွင် ဥမ္မာ မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖားကန့်မြို့နယ် စပေ့ါကျေးရွာ ဥရုချောင်းတံတားထိပ်တွင် ဇော်တူးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်းနေထိုင်သည့် စပေ့ါကျေးရွာ အမှတ်(၁/၃၂)နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ် ယုံတောင်-ဆင်နက်ချောင်ကျေးရွာကြား ရွာငံ-ကျောက်ဆည်သွားကားလမ်း မိုင်တိုင်အမှတ်(၃၈/၂)အနီး၌ ဆိုင်ကယ်တစ်စီး ရပ်တန့်ထားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရာ ဘိန်းစိမ်း ၁၃ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ဥမ္မာ၊ ဇော်တူးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြစ်ကြီးနားမြို့နယ် ၂၁ မိုင် စစ်ဆေးရေးဂိတ်၌ ခရီးသည်တင်ယာဉ်ပေါ်မှ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**မြစ်ကြီးနား ဇန်နဝါရီ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းမပေါ်ရှိ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ခရီးသည်တင်ယာဉ်ပေါ်မှ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ ရဲအုပ်စိုင်းစံဖေဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ကျ ဌာနဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းမပေါ်ရှိ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်အဝင်၊ အထွက်များ စိစစ်ဆောင်ရွက်နေစဉ် မိုးကောင်းမှ မြစ်ကြီးနားသို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အား ရှာဖွေစစ်ဆေးရာ ယာဉ်ခေါင်မိုးပေါ် တင်ဆောင်လာသည့် ခရီးသည် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာနေ ငွေငွေရွှေ (ခ) ငွေရွှေ၏ ခရီးဆောင်အိတ်အတွင်းမှ ဆပ်ပြာခွက် ၂၂ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂၀၉ ဂရမ်နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိရသူ ငွေငွေရွှေ(ခ)ငွေရွှေအား မြစ်ကြီးနားနယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# ဝက်လက်နှင့် ရွှေဘိုမြို့တို့၌ ယာဉ်မတော်တဆမှုဖြစ်

**ဝက်လက် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဝက်လက်- ရှိမ္ဗကားသွားကားလမ်း၌ ဇန်နဝါရီ ၅ ရက် ညနေပိုင်းက ဖရဲသီးတင် ၁၂ ဘီးယာဉ် လမ်းဘေးချောက်ထဲထိုးကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီ ၁၀ မိနစ်က ဝက်လက်မြို့နယ် ဝက်လက်-ရှိမ္ဗကားသွားကားလမ်း ဝက်လက်ရွာတံတားအနီးတွင် တောင်မှမြောက်သို့ မင်္ဂလာကွေ့ရပ် နမ္မတူမြို့နယ် ဘော်တွင်းကျေးရွာနေ ယာဉ်မောင်း သူရိန်ဝင်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် ယာဘက်သို့ကွေ့စဉ် မြေသားပျော့အိနိမ့်ကျ၍ လမ်းဘေးချောက်ထဲသို့ ထိုးကျသွားခဲ့ရာ ယာဉ်ပေါ်ပါလူများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်း သိရ သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သူရိန်ဝင်းအား ဝက်လက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရွှေဘိုမြို့**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဇန်နဝါရီ ၅ ရက် ညပိုင်းက ၁၂ ဘီးယာဉ် နောက်ဆုတ်စဉ် ယာဉ်နောက်လိုက်ကို တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် စက်မှုဇုန်ရှိ ဆန်စက်ဝင်းအတွင်း စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာနေ ယာဉ်မောင်း ဘိုဘိုထွန်း မောင်းနှင်လာသော ၁၂ ဘီးယာဉ်သည် နောက်ဆုတ်စဉ် ယာဉ်နောက်လိုက် ဇင်မျိုးဦးကို တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဘိုဘိုထွန်းအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)



# ကျိုတိုမှပေးစာများ- ၁၀

# ရွှေသမင်နှင့် နာရာပန်းခြံ

■ အောင်အောင် IR

**နာရာပန်းခြံ (Nara Park)**

ဂျပန်နိုင်ငံနှင့် ကမ္ဘာတစ်လွှားခရီးသွားများ အကြားတွင် သမင်ခြံအဖြစ် ထင်ရှားသည့် နာရာပန်းခြံသည် ဂျပန်နိုင်ငံ နာရာမြို့တွင် တည်ရှိပြီး ၅၁၁ ဒသမ ၃၃ ဟက်တာကေ ကျယ်ဝန်းသည်။ ပန်းခြံကို ၁၄ ရက် ဖေဖော်ဝါရီ လ ၁၈၈၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၈၈၉ ခုနှစ်တွင် ဂျပန်အစိုးရက Kasugano နယ်မြေ (ပန်းခြံ)၊ Asajigahara နယ်မြေ (ပန်းခြံ)၊ Todaiji Temple (ဘုရားကျောင်း)၊ Himurojinja Shrine (နတ်ကွန်း)၊ Mt. Wakakusa(တောင်)၊ Mt. Kasuga(တောင်) စသည့် နေရာများပါဝင်သည့် ဧရိယာကို နာရာပန်းခြံဧရိယာအသစ်အဖြစ် သတ်မှတ်ခဲ့သည်။

ယူနက်စကိုမှ Kasuga Grand Shrine၊ Todaiji Temple၊ Kofukuji Temple၊ Mt. Kasuga Primeval Forest အပါအဝင် နာရာပန်းခြံဧရိယာတစ်ခုလုံးကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်ရှေးဟောင်းနာရာဧရိယာ UNESCO World Heritage “Historic Monuments of Ancient Nara” အဖြစ် သတ်မှတ်ခဲ့သည်။

နာရာပန်းခြံ၏ တရားဝင်ကိန်းဂဏန်းများအရ နှစ်စဉ်ပန်းခြံသို့ ဂျပန်ပြည်တွင်းနှင့် ကမ္ဘာတစ်လွှားမှ ခရီးသွား ၁၃ သန်းကျော် လာရောက်လျက်ရှိသည်။ နာရာဥယျာဉ် အတွင်းနှင့် အနီးဝန်းကျင်တွင် ကျိုတိုမြို့၏ အဓိကခရီးသွားနေရာများအဖြစ် Kasuga Grand Shrine၊Todaiji Temple၊ Kofukuji Temple နှင့် the Nara National Museum တို့တည်ရှိပြီး ပန်းခြံအတွင်း သမင်ကောင်ရေ ထောင်နှင့်ချီပြီး ပန်းခြံအတွင်းနှင့် အနီးဝန်းကျင်တွင် လွတ်လပ်စွာ သွားလာနေထိုင် ကျက်စားလျက်ရှိသည်။ နာရာပန်းခြံအနီးတွင် သဘာဝတောတောင်တန်းများ ဝန်းရံထားပြီး ပန်းခြံ၏ မြက်ခင်းများလွှမ်းသော တောင်စောင်းတစ်လျှောက်တွင် ဝက်သစ်ချပင်၊ ထင်းရှူးပင်၊ သစ်ကတိုးပင်၊ ချယ်ရီပင်၊ ပရုတ်ပင်နှင့်အတူ သမင်ကောင်ရေ ရာနှင့်ချီပြီး တည်ရှိလေရာ ဂျပန်နှင့် နိုင်ငံတကာ ဧည့်သည် အများအပြားက နာရာပန်းခြံကို ဂျပန်နိုင်ငံ၏ အလှပဆုံး သဘာဝပန်းဥယျာဉ်တစ်ခုအဖြစ် မှတ်ချက်ပြုကြသည်။

**ကိုယ်တွေ့ နာရာပန်းခြံ**

နာရာသို့ လာရောက်သူအများစုသည် နာရာဘူတာမှ ဘတ်စ်ကားဖြင့် နာရာပန်းခြံသို့ တိုက်ရိုက်သွားရောက်ကြသည်။ ဘတ်စ်ကားဖြင့် နာရာဘူတာမှ နာရာပန်းခြံသို့ ၁၀ မိနစ်ခန့် သွားရပြီး လမ်းတွင် မှတ်တိုင်အချို့၌ ဘတ်စ်ကားရပ်ပါသည်။ စာရေးသူတို့ ဘတ်စ်ကား နာရာပန်းခြံဧရိယာအတွင်း ချဉ်းကပ်လာချိန်တွင် သမင်အချို့ကို လမ်းတစ်ဖက် တစ်ချက်တွင် စတင်မြင်တွေ့လာရပါသည်။ အများစုမှာ နာရာပန်းခြံမှတ်တိုင်အနီးတွင်



နာရာပန်းခြံအတွင်း သမင်များ လွတ်လပ်စွာသွားလာနေသည်ကို တွေ့ရစဉ်။

ဆင်းကြသော်လည်း စာရေးသူတို့က မဆင်းဘဲ မြို့အခြေအနေကို လေ့လာရန် ဆက်စီးကြပါသည်။ နှစ်မှတ်တိုင်၊ သုံးမှတ်တိုင်ခန့် ဆက်စီးပြီးနောက် ရှေ့တွင် မည်သည့် စိတ်ဝင်စားစရာမှ မတွေ့ရဘဲ ပန်းခြံကိုကျော်လွန်လာပြီဟု ခံစားရသဖြင့် နောက်တစ်မှတ်တိုင်တွင် ဆင်းကာ ပန်းခြံရှိရာဘက်ဆီ ပြန်လျှောက်လာခဲ့ကြသည်။

ပန်းခြံအတွင်း သာယာလှပသော ပန်းဥယျာဉ်များ၊ ရေကန်ငယ်များ၊ မြက်ခင်းပြင်များ၊ တောင်ကုန်းငယ်များ၊ သစ်တော၊ သစ်အုပ်များ နေရာအနှံ့ရှိပြီး သမင်ကောင်ရေ ရာပေါင်းများစွာသည် အဆိုပါ ပန်းခြံကြီး၏ အတွင်း၊ အပြင် နေရာအနှံ့တွင် လွတ်လပ်စွာသွားလာနေကြသည်ကို တွေ့ရသည်။ နာရာရှိ ခရီးသွားများကို ဆွဲဆောင်သည့် ဘုရားကျောင်းများ၊ နတ်ကွန်းများ၊ ရှေးဟောင်းအဆောက်အဦများသည် ဤပန်းခြံကြီးအတွင်းနှင့် အနီးဝန်းကျင်တွင်ရှိသည်ဖြစ်ရာ ပန်းခြံနေရာ အနှံ့အပြားတွင် မြေစိုက်လမ်းညွှန်မြေပုံများ၊ မြေစိုက်လမ်းညွှန် မြားပြအမှတ်အသားများ ထင်ရှားသိသာစွာ ထားရှိသည်ကို သတိပြုမိသည်။

နာရာပန်းခြံကြီးအတွင်း၌ အချို့နေရာများကို ယူခိဂူမိုပန်းခြံ (Ukigumo Park)၊ ကာဆူဂါနိုပန်းဥယျာဉ် (Kasugano Park)၊ အိုင်ဆူအန်းပန်းဥယျာဉ် (Isuien Garden)၊ ယိုရှိခန်ပန်းဥယျာဉ် (Yoshikien Garden) စသဖြင့် ကွဲပြားသောအမည်များ မှည့်ခေါ်ထားသဖြင့် မှတ်သားရသည်မှာ အနည်းငယ် စိတ်ရှုပ်ထွေးစရာ ဖြစ်ပါသည်။ နာရာပန်းခြံ၏ အဓိကခရီးသွားများစုရုံးသည့် စုရပ် အလယ်ဗဟိုမှာ Kasugano Park ဖြစ်ပြီး ထိုနေရာသည် နေရာအကျယ်ပြန့်ဆုံးနှင့် သမင်များ စုရုံးမှု အများဆုံးလည်း ဖြစ်သည်။ ထိုနေရာမှ ကြည့်လျှင် ပန်းခြံကြီးတစ်ခုလုံးအား သာယာလှပသည့် ဆင်ခြေလျှောမြက်ခင်းလွင်ပြင်များနှင့် စီးမိုးထားသည့် ၃၄၂ မီတာ (၁၁၂၂ ပေ) အမြင့်ရှိသော ဝါကာခုဆာ (Mt. Wakakusa) တောင်ကို စိတ်လှုပ်ရှားဖွယ် အနီးကပ်တွေ့မြင်ရမည် ဖြစ်သည်။

ပန်းခြံမှ အဆိုပါ ဆင်ခြေလျှော မြက်ခင်းပြင်များဆီသို့ လမ်းလျှောက်သွားကာ နာရာပန်းခြံကြီးတစ်ခုလုံးနှင့် နာရာမြို့အား အပေါ်စီးမှ ကြည့်ရှုနိုင်သည်။ စာရေးသူတို့သည် အဝေးမှ မြက်ခင်းပြင်ပေါ်တွင် လူအချို့သွားလာနေကြသည်ကို တွေ့မြင်သော်လည်း ထိုသို့ဧည့်သည်များ မြက်ခင်းပြင်ကြီးဆီသို့ သွားရောက်နိုင်သည်ကို ကြိုတင်မသိရှိသည့်အတွက် မသွားရောက်ဖြစ်ခဲ့ကြပါ။ စာရေးသူတို့ ညီအစ်ကိုနှစ်ဦး နာရာပန်းခြံကြီးအတွင်း လှည့်လည်သွားလာရင်း Kasuga Grand Shrine ဆီသို့ ပထမဆုံးဝင်၊ ထို့နောက် Todaiji Temple နှင့် နောက်ဆုံး Kofukuji Temple ဆီသို့ ဝင်ရောက်ဖြစ်ခဲ့သည်။

**ရွှေသမင် (Deer)**

နာရာပန်းခြံ၏ တရားဝင် ဝက်ဘ်ဆိုက် အဆိုအရ နာရာပန်းခြံအတွင်း နေထိုင်ကျက်စားလျက်ရှိသော သမင်များကို အမြတ်တနိုးတန်ဖိုးထားရမည့် တိရစ္ဆာန်များအဖြစ် သတ်မှတ်ထားသည်။ အဆိုပါ သမင်များမှာ လေ့ကျင့်ပေးထားခြင်း၊ ခြံခတ်ထိန်းသိမ်းခြင်းများ မရှိဘဲ သဘာဝသမင်တောရိုင်းသတ္တဝါများ ဖြစ်ကြောင်း သိရသည်။ သမင်များသည် လူကို အန္တရာယ်မပြုသော်လည်း တစ်ခါတစ်ရံ လူကို တိုက်ခိုက်တတ်ကြောင်း သတိပေးထားသည်။ ပန်းခြံမှ သတ်မှတ်ရောင်းချပေးသည့် ဆန်မုန့်ကြွပ်မုန့်များမှလွဲ၍ ယူဆောင်လာသော အခြားမည်သည့်မုန့်ကိုမဆို သမင်များအား မကျွေးပါရန် အထူးမေတ္တာရပ်ခံထားသည်။ သမင်များအား ရိုက်ပုတ်ခြင်းမပြုရန်၊ ပြေးလွှားဆော့ကစားခြင်းမပြုရန်၊ အနှောင့်အယှက် မပြုရန်လည်း သတိပေးထားသည်။ သမင်များသည် လန့်ဖျပ်အန္တရာယ်ပြုတတ်သဖြင့် အထူးသဖြင့် ကလေးများရှိပါက သတိပြုပါရန် နှိုးဆော်ထားသည်။ သမင်များအား သတ်မှတ်ဆန်မုန့်ကြွပ်မုန့်များကျွေးရာတွင် ချက်ချင်းကျွေးရန်နှင့် အစာအယောင်ပြပြီး မကျွေးဘဲ စနောက်ပါက သမင်များသည် စိတ်ဆိုးတတ်ကြောင်း ဖော်ပြထားသည်။ အမှိုက်သရိုက်များ မပစ်ရန်နှင့် သမင်များသည် ၎င်းအမှိုက်များကို စားပြီး နေထိုင်မကောင်းဖြစ်တတ်ကြောင်း သတိပေးထားသည်။

နာရာပန်းခြံဝက်ဘ်ဆိုက်အဆိုအရ သမင်များသည် အရိုင်းများဖြစ်သည့်အတွက် ပန်းခြံဧရိယာအတွင်း သူတို့ အိပ်ချင်သည့်နေရာတွင် အိပ်သည်ဟု သိရသည်။ အထူးသဖြင့် သမင်များသည် စုဖွဲ့နေလေ့ရှိပြီး စုပေါင်းအိပ်စက်တတ်ကြသည်ဟု ဆိုသည်။ သမင်များအား ကျွေးမွေးရန် သတ်မှတ်ထားသော မုန့်ကြွပ်များကို ဆန်၊ ဖွဲနုနှင့် ဂျုံမှုန့်တို့ဖြင့် ပြုလုပ်ထားပြီး မုန့်ကြွပ်များတွင် သကြားနှင့်ဆား လုံးဝမပါဝင်ကြောင်းလည်း သိရသည်။ သမင်များသည် အပင်စားသတ္တဝါများဖြစ်သည့်အတွက် ပန်းခြံအတွင်း သဘာဝအလျောက် ပေါက်ရောက်သော မြက်ပင်များ၊ ပန်းခြံအတွင်းရှိအပင်များမှ ကျလာသော အခွံမာသီးများ၊ အသီးအနှံများ၊ ဘယ်ရီသီးများကို စားသုံးကြောင်းလည်း သိရသည်။ သမင်ထီးများတွင် ဦးချိုပါရှိပြီး သမင်မများတွင် ဦးချို မပါရှိဟု ဆိုသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ကိန်းဂဏန်းများအရ နာရာပန်းခြံဧရိယာတွင် နေထိုင်ကျက်စားနေသော သမင်ဖို ၂၃၆ ကောင်၊ သမင်မ ၇၁၅ ကောင်နှင့် သမင်ပေါက် ၂၂၉ ကောင် စုစုပေါင်း သမင်ကောင်ရေ ၁၁၈၀ ရှိကြောင်း သိရသည်။ ယနေ့မြင်တွေ့နေရသော သမင်များ၏ မျိုးဆက်သည် ယခုနာရာဥယျာဉ်နေရာတွင် ရှေးနှစ်ပေါင်းများစွာ လွန်ခဲ့သော အေဒီ ၇၅၀ ခန့်လောက်ကတည်းက ပေါက်ပွားတည်ရှိခဲ့သည်ဟု ခန့်မှန်းရသည်။

**ကိုယ်တွေ့ရွှေသမင်**

စာရေးသူ ယခုလို နာရာပန်းခြံတွင် သမင်များနှင့် ထိတွေ့ရခြင်းမှာ ပထမဆုံးအကြိမ်တော့ မဟုတ်ပါပေ။ လွန်ခဲ့သော ၁၅ နှစ်ခန့် ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျောင်းတက်စဉ် နိုင်ငံတကာကျောင်းသားများနှင့်အတူ နာရာပန်းခြံသို့ လာရောက်လည်ပတ်ခဲ့ဖူးပြီး သမင်များ မြင်တွေ့ခဲ့ရသည်ကို အမှတ်ရနေမိသည်။ သို့သော် လွန်ခဲ့သော ၁၅ နှစ်ဆိုတော့ ကြာခဲ့ပြီ။

လည်း ခရီးသွားများမှာ သမင်များကို ချစ်စနိုးဖြင့် သွားရောက်ကိုင်တွယ် ထိတွေ့စနောက်ကြသည်ကို တွေ့ရသည်။ သမင်လေးများသည် သူတို့ပါးစပ်အတွင်းသို့ နီးကပ်ရောက်ရှိလာသော အစားအစာများကို ကျွေးမွေးသူတို့လက်ကို မထိခိုက်စေဘဲ လှပသေသပ်စွာပင် နှုတ်သီးများဖြင့် ထိုးယူစားသုံးကြသည်။ ကျွေးမွေးသည့် အစားအစာများ ကုန်သွားသည့်တိုင် အစားအစာကျွေးသူများထံ မျက်နှာများ၊ ဦးခေါင်းများ အတင်းတိုးဝင် ထပ်မံတောင်းခံ ချစ်စဖွယ်ပြုမူကြသည်။ အချို့လူငယ်လေးများသည် သမင်များကို အစာနှင့်မျှားပြီး မကျွေးဘဲ ပြေးလွှားဆော့ကစားနေသည်ကိုလည်း သတိပြုမိသည်။ သမင်တစ်ကောင်သည် အနီးရှိသတင်းစာတစ်စောင်ကို ကိုက်ချီပြီး ကြမ်းရမ်းစွာ လှုပ်ရမ်းနေသည်ကိုလည်း တွေ့ခဲ့ရသည်။ အချို့သူများထံ အစားအစာ တောင်းခံသည့် အနေဖြင့် သူတို့၏ တုံးနေသောဦးချိုဖြင့် လူများအနောက်မှ အဆက်မပြတ်အတင်းဝင်တိုးဝှေ့တိုက်ခိုက်သည့်အသွင် သုံး၊လေးနေရာတွင် တွေ့မြင်ခဲ့ရသည်။ သို့သော် သမင်များမှာ များစွာမကြီးမားလှဘဲ ဦးခေါင်းကိုင့်ကာ အတင်းတိုးဝင်နေသည့်ပုံစံ ဖြစ်ပါသည်။ ပုခက်တွန်းလှည်းအတွင်းမှ ဂျပန်ကလေးငယ်



နာရာပန်းခြံအတွင်းရှိ ဆင်ခြေလျှော မြက်ခင်းပြင်ကြီး။

စာရေးသူသည် ပြည်ပတွင် ကျောင်းများ တက်ရောက်စဉ် နေ့စဉ်ဒိုင်ယာရီရေးသားသည့် အလေ့အကျင့်ရှိလေရာ စာရေးသူ၏ ဂျပန်ဒိုင်ယာရီနေ့စဉ်မှတ်တမ်းအရ စာရေးသူ နာရာပန်းခြံတွင် သမင်များနှင့် ပထမဆုံးတွေ့ဆုံခဲ့သည် နေ့ရက်မှာ ၁၂ မတ်လ ၂၀၀၅ ရက်နေ့ (စနေနေ့) ဖြစ်ပါသည်။ ၂၆ နိုဝင်ဘာလ ၂၀၁၉ (အင်္ဂါနေ့) တွင် ဒုတိယအကြိမ် ထပ်မံဆုံတွေ့ခြင်း ဖြစ်ပါသည်။

စာရေးသူအတွေ့အကြုံအရ နာရာပန်းခြံရှိ သမင်များမှာ ဦးချိုအကိုင်းအခက်များစွာဖြင့် ကြီးမားလှသော သမင်ကြီးများမဟုတ်ဘဲ အရွယ်အစားသိပ်မကြီးမားလှသော သမင်များ ဖြစ်ပါသည်။ အများစုမှာ ဦးချိုမရှိဘဲ၊ ဦးချိုရှိသော သမင်အထီးများမှာလည်း သူတို့၏ ဦးချိုများအား ချိုးထား၊ တုံးထားသည်ကိုတွေ့ရသည်။ အရွယ်အစားကြီးမားပြီး ဦးချိုပါရှိသော သမင်များလည်း တွေ့ပါသည်။ သို့သော် များစွာ နည်းပါးပါသည်။ (သို့သော် အချို့နာရာပန်းခြံနှင့် ဆက်စပ်အင်တာနက် စာမျက်နှာများတွင် ဦးချိုများစွာနှင့် ကြီးမားလှသော သမင်ကြီးများအား တွေ့ရပါသည်။) ပန်းခြံအတွင်း သတ်မှတ်ထားသော သမင်စာ ဆန်မုန့်ကြွပ် အထုပ်လေးများ ရောင်းချနေသော ဈေးသည်များကိုလည်း တွေ့ခဲ့ရသည်။ ဆန်မုန့်ကြွပ်များသည် ကြက်ဥခေါက်မုန့်သဖွယ် အဝါရောင် အပါးစားမုန့်ကြွပ် အချပ်လေးများဖြစ်ပြီး တစ်ထုပ်လျှင် ယန်း ၂၀၀ ဖြင့် ရောင်းချသည်။

သတိပေးချက်များတွင် သမင်များအား စနောက်ခြင်းမပြုရန် လမ်းညွှန်ထားသော်တစ်ဦးမှာ သမင်များ သူ့အနားကပ်လာသဖြင့် အော်ဟစ်ငိုယိုနေသည်ကို တွေ့ခဲ့ရသည်။ နာရာပန်းခြံအပြင်ဘက် ကားလမ်းများပေါ်တွင်လည်း သမင်များသွားလာနေကြပြီး သမင်များ လမ်းပေါ်မြင်တွေ့ပါက ကားများက ရပ်တန့်ပေးပါသည်။ သမင်အများစုမှာ သူ့အစုအဝေးနှင့်သူ အုပ်စုဖွဲ့နေထိုင်ကြသည်ကို တွေ့ရပြီး အချို့မှာမူ တစ်ကောင်တည်း သီးသန့်နေသည်ကိုလည်း တွေ့ရသည်။ အချို့ သမင်များမှာ ပန်းခြံအတွင်းရှိ ရေမရှိသော မြောင်းငယ်၊ မြောင်းကျဉ်းလေးများထဲ အစားအစာရှာဖွေနေကြပြီး အချို့မှာ ကားလမ်းအလယ် ကျဉ်းမြောင်းသော အလှစိုက်ပန်းခင်းများ၊ အလှအုတ်ခုံများအတွင်းဝယ် တစ်ကောင်တည်း ကွက်တိ အကျအန ဝင်ရောက်ထိုင်နေကြသည်ကို တွေ့ရသည်။ နာရာခရီးစဉ်တစ်လျှောက်Kasuga Grand Shrine နှင့် Todaiji Temple တို့ဆီသို့ အသွားအဝင်မုခ်ဦးနှင့် အတွင်းလမ်းများတွင် သမင်များ အဆက်မပြတ်တွေ့ရပြီး သူတို့နှင့် ရောနှောသွားလာရင်း လိုရင်းနေရာ ရောက်အောင် သွားလာခဲ့ရသည်။

နာရာပန်းခြံ သို့မဟုတ် သမင်ခြံမှ ပြန်ထွက်လာတော့ ညနေ ၅ နာရီဝန်းကျင် ရှိပြီ။ ဆောင်းအဝင် အမှောင်ထုလည်း လွှမ်းခြုံစပြုပြီ။ ပန်းခြံမှအထွက် လမ်းတစ်လျှောက် စုရုံးထိုင်နေကြသော သမင်အုပ်တစ်အုပ်အား စိတ်ထဲဝယ် ‘ဆာရိုးနာရ’ နှုတ်ဆက်ရင်း နာရာဘူတာရုံဆီသို့ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ။



ဂျပန်နိုင်ငံ၏ အလှပဆုံး သဘာဝပန်းဥယျာဉ်တစ်ခုဖြစ်သည့် နာရာပန်းခြံ။

# စည်းလုံးခြင်းကဗျာ

●— ခွာညိုသွေး —●

ကဗျာသည် ငြိမ့်ညောင်း၏။ လှပသော သံစဉ်လေးများပါဝင်၏။ အေးငြိမ်းစွာ လှုပ်ခတ်နေသည်။ ချစ်စရာ စာလုံးလေးများ စုစည်းထားပါ၏။

စည်းလုံးမှုသည် နှစ်သက်စရာကောင်း၏။ ညီညွတ်မှုတွေပါဝင်နေ၏။ ပေါင်းစည်းမှုများ သက်ဝင်၏။ အင်အားပြည့်ဝနေ၏။

မြန်မာနိုင်ငံဟု ခေါ်ဝေါ်သော နယ်နိမိတ်မြေပုံလေးကပင် အချိုးကျလှပနေ၏။ ကုန်း၊ ရေ၊ မြေ၊ တောတောင်ဆက်စပ်မှုဖြင့် ကာရံထားမှုကပင် အလှတစ်ခုဖြစ်နေ၏။

ယဉ်ကျေးမှုတွင်လည်း သိမ်မွေ့မှု ဓလေ့ထုံးစံများဖြင့် အလှတွင် အယဉ်ဆင့်ထားပြန်၏။

ဘာသာတရားအဆုံးအမများကလည်း နှစ်လိုဖွယ်ဖြစ်အောင် တန်ဆာဆင်ထားပါသည်။

သို့ပေတည်း မတိုးတက်ဘူးဆိုသည့်စကားလုံး အသုံးအနှုန်းများဖြင့် ခေါင်းငုံ့နေစေရန် ထိုးနှက်နေကြသည်။


မည်သည့်ပေတံဖြင့် တိုင်းတာနေကြသည်လဲ။

တိုက်ကြီး တာကြီး စက်ရုံကြီး မည်သည့်အရာမျိုးနှင့် စံထားနေကြသည်လဲ။ တကယ်တော့ ခံစားမှုဆိုတာ ခံယူမှုနှင့်ဆိုင်တာပါ။ မတိုးတက်ဘူး၊ မလုပ်နိုင်ဘူးဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ထိုးနှက်ချက်တွေကြောင့် သိမ်ငယ်စိတ်တွေဝင်လာပြီး စိတ်ဓာတ်ပျက်စီးသွားခြင်းဖြင့် တောက်ပသောအနာဂတ်တစ်ခုကို ဘယ်လိုမှ မဖန်တီးနိုင်၊ ရုပ်ပျက်လျှင် ရုပ်ဓာတ်နှင့် ပြန်ပြုပြင်ယူ၍ ရသည်။ စိတ်ဓာတ်ပျက်စီးသွားလျှင်ဖြင့် ပြုပြင်ဖို့ရာ အလွန်ခက်ခဲပါလိမ့်မည်။

ကျွန်မရောက်ဖူးသော ကျွန်းနိုင်ငံလေးတစ်ခုအကြောင်းကို အလျဉ်းသင့်၍ ဖော်ပြချင်ပါသည်။ အဲဒီ ကျွန်းနိုင်ငံလေးမှာ ထွက်ကုန်အလွန်နည်းပါးသည်။ သူတို့မှာ မရှိသည့်အရာများစွာအတွက် သူတို့ဝမ်းနည်းမနေပါ။ သူတို့မှာ ရှိသည့် အရာလေးကိုပင် သူတို့တန်ဖိုးထားနေကြသည်။ ဂုဏ်ယူနေကြသည်။

သူတို့လမ်းလျှောက်သည်ကပင် ဖြည်းဖြည်း မှန်မှန်၊ သူတို့ကိုးကွယ်ရာဘုရားရှင်ကို လမ်းဆုံတိုင်းတွင် သပ္ပာယ်စွာ ကိုးကွယ်ပြီး လူတိုင်းလက်အုပ်ချီသွားကြသည်။

သူတို့မျက်နှာတွေက မော့နေကြသည်။ သူတို့ကိုယ်သူတို့ ယုံကြည်မှုအပြည့်ရှိသည်။ ညှိုးငယ်နေသည့် မျက်နှာများကို မတွေ့ရ၊ သိမ်ငယ်နေပုံမရှိ၊ ဒေါသထွက်နေသည် မရှိ၊ လိုချင်မှုများစွာနဲ့ လောဘကြီးနေပုံမရှိ။ သူတို့မှာ



ရှိသည့် သဘာဝအလှအပ၊ တောတောင်ရေမြေတွေကို အလွန်အလေးထားကြသည်။

ဖျက်ဆီး.... ပျက်စီးစေခြင်းမရှိ။

လူတိုင်း ကိုယ်ကျရာတာဝန်ကို အေးအေးဆေးဆေးလုပ်ဆောင်သည်။ သူတို့နိုင်ငံက ရာသီဥတုကို တင်စားပြောဆိုကြသည်။ သူတို့နိုင်ငံနယ်နိမိတ်လေးကိုပင် အလွန်လှပသော ပုလဲလုံးလေးလို့ တင်စားကာ စောင့်ရှောက်ကြသည်။

သူတို့နိုင်ငံမှာ လူလူချင်းသည်လည်းကောင်း၊ မင်းနှင့် ပြည်သူအကြား၌လည်းကောင်း၊ တပ်နှင့် ပြည်သူကြားလည်းကောင်း ကွဲပြားမှုမရှိ၊ တစ်သွေးတည်း တစ်သားတည်း တစ်ပုံစံတည်းပါ။ လှပသော ကျွန်မတို့နိုင်ငံကိုလည်း ကဗျာလေးတစ်ပုဒ်အဖြစ် တင်စားချင်သည်။ မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်နှင့် ယဉ်ကျေးမှုသည် ငြိမ့်ညောင်း၍ ချစ်စရာကောင်းပြီးသား ကဗျာလေးတစ်ပုဒ်ပါ။ မင်းနှင့် ပြည်သူတို့ကလည်း ချစ်စရာ့ကာရံလေးပါ။

အချင်းချင်းကို ရန်တိုက်ပေးပြီး ခွဲထုတ် IT နည်းပညာပေါင်းစုံ၊ ဆိုရှယ်မီဒီယာပေါင်းစုံနဲ့ ဖျက်ဆီးတိုက်ခိုက်ခံနေရခြင်းက

ပထမ . . . စိတ်ဓာတ်ကိုသတ်မည်။

ဒုတိယ . . . လူမျိုးရေး သွေးခွဲမည်။

တတိယ . . . အင်အားကို ခွဲထုတ်ပစ်မည်ဆိုလျှင် . . . . စည်းလုံးခြင်းကဗျာလေးက မည်သို့မှ လှပနိုင်မည် မဟုတ်တော့ပါ။

ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း သြဘာနိမိတ်ထွန်းသည့် ကျွန်းဆိုသည့်အတိုင်း . . .

ကိုယ့်နိုင်ငံလေးကို အကောင်းမြင် . . .အကောင်းပြော

အကောင်းဆုံး စောင့်ရှောက်နေကြလျှင်ဖြင့် စည်းလုံးခြင်း ကဗျာလေးက ဘယ်လောက်များ လှပနေလိမ့်မလဲ။

အတိတ်ကဆိုသည့်စကားလုံး ဓားများဖြင့် စည်းလုံးခြင်းနှင့် ကဗျာလေးကို အစိတ်စိတ်အမြွှာမြွှာ ခွဲချင်သေးသည်။

အဲဒီလိုသာဆိုလျှင်ဖြင့်- အနှစ် ၁၀၀ ကျော် အုပ်ချုပ်ဖိနှိပ်ခဲ့သည့် နိုင်ငံကိုဘာအလုပ်မှ မလုပ်ဘဲ အနှစ် ၁၀၀ တိုင် ဆဲဆိုနေကြမည်လား။

အတိတ်ဆိုတာ သင်ခန်းစာယူဖို့ . . .

ပစ္စုပ္ပန်ဆိုတာ အကောင်းဆုံးတွေလုပ်ဖို့ . . .

အနာဂတ်ဆိုတာ အမွန်မြတ်ဆုံးတွေဖြစ်လာဖို့သာ ဖြစ်ပါသည်ဟု လေးလေးနက်နက် ခံယူထားသင့်ပါသည်။

အကောင်းအဆိုးသည် အမြဲဒွန်တွဲနေသည့်ထဲက အဆိုးကိုဖြုတ် အကောင်းကို လက်ကိုင်ထားရမည်သာ ဖန်တီးရှင်သာဖြစ်ခဲ့ရင် . . .

လှပသော နိုင်ငံလေးကို ပြည့်စုံကြွယ်ဝမှုတွေနဲ့ ဖန်တီးပြီး အားလုံးညီညွတ်ပေါင်းစည်းမှုနဲ့ စုစည်းလိုက်ရင်ဖြင့် စည်းလုံးခြင်းကဗျာလှလှလေးဖြစ်လာမှာပါ။ အဲဒီကဗျာလေးမှာ စာလုံးရေ သန်း ၆၀ ကျော် ပါပါမယ်။ အဲဒီစာလုံးလေးတွေဟာ ခေါင်းမော့ ရင်ကော့ပြီး ပျော်ရွှင်နေရမယ်၊ ညီညွတ်နေရမယ်၊ အကောင်းမြင်ဝါဒတွေနဲ့ အားအင်တွေ ပြည့်ဝနေရမယ်။ ဖန်တီးရှင်ဆိုတာ အဲဒီစာလုံးလေးတွေရဲ့ စိတ်အင်အားပါပဲ။

ကဲ - စည်းလုံးခြင်းကဗျာလေး ပေါ်ထွက်လာရအောင် ကြိုးစားကြရအောင်ပါ။

## မုံရွာမြို့နယ် ညောင်ပင်တဲကျေးရွာ ရိုးဆုံချောင်းတံတားဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီက မုံရွာမြို့ဂေါက်ကွင်းတွင် ပြုလုပ်သော တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂေါက်ကွင်းမြက်ခင်းပြင်တွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အသင်း ၂၀ တို့မှ အားကစားသမားများအား နှုတ်ဆက်အားပေးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် မုံရွာနှင့် စစ်ကိုင်းခရိုင်ချင်းဆက်လမ်းပေါ်ရှိ မုံရွာမြို့နယ် ညောင်ပင်တဲကျေးရွာ ရိုးဆုံချောင်းတံတား ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ငါးကင်း-ကံသုံးဆင့်-ကျောက္ကာ(တ) လမ်းပိုင်းများဖြစ်သည့် မုံရွာမြို့နယ်အပိုင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် Box Culvert တစ်စင်း၊ ကျောက်ရိုးစီကွန်ကရစ်တံတား နှစ်စင်း၊ ကုန်ကျငွေကျပ် ၃၈ ဒသမ ၀၀ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်လမ်း ၂/၂ ဒသမ ၇ မိုင်ကို ကုန်ကျငွေကျပ် ၁၄၆ ဒသမ ၆၀ သန်းဖြင့်လည်းကောင်း၊ အရာတော်မြို့နယ်အပိုင်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဂျင်းလမ်း ၀/၆ မိုင်၊ ကုန်ကျငွေကျပ် ၂၇ သန်း၊ ကျောက်လမ်းတစ်ဖာလုံ၊ ကုန်ကျငွေကျပ် ၆ ဒသမ ၆၀၀ သန်းဖြင့်လည်းကောင်း၊ မြင်းမူမြို့နယ်အပိုင်း၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လွှတ်တော်ရန်ပုံငွေဖြင့် ကွန်ကရစ် လမ်း ၀/၂ ဒသမ ၅ မိုင်၊ ဂျင်းလမ်း ၀/၄ ဒသမ ၅ မိုင်နှင့် Box Culvert တစ်စင်း ကုန်ကျငွေကျပ်လေးသန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဒေသခံပြည်သူများနှင့်အတူ တံတားသစ်ကြီးကို ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ယနေ့ဖွင့်လှစ်သည့် ရိုးဆုံချောင်းကူးတံတားအရှည်ပေ ၆၀၊ အကျယ် ၂၅ ပေနှင့် အမြင့် ၁၈ ပေရှိပြီး ဦးဝင်းမော်+ဒေါ်ခင်ခင်လေး Forever Group Co.,Ltd. က ငွေကျပ်သိန်း ၁၅၀၀ အကုန်ကျခံ ဆောက်လုပ်လှူဒါန်းထားကြောင်း သိရသည်။

အဆိုပါတံတားသည် မုံရွာ - ကျောက္ကာ - မလဲသာ - ကန်ရင်း-မင်းရွာ-သလဲဘာတံတားဖြစ်ပြီး ထိုမှတစ်ဆင့် ရွှေဘို-စစ်ကိုင်းလမ်းပေါ်ရှိ ဆားတောင်လမ်းဆုံအထိ၊ ထိုမှတစ်ဆင့် ရွှေဘို-စစ်ကိုင်းလမ်းအတိုင်းမှ အုန်းတောလမ်းဆုံအထိ၊ ထိုမှတစ်ဆင့် စစ်ကိုင်းနှင့် မုံရွာသို့လည်းကောင်း အပြန်အလှန်သွားလာနိုင်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



## ဘားအံမြို့၌ မော်တာအပ်ချုပ်စက်သင်တန်းဆင်း

**ဘားအံ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဖွင့်လှစ်သည့် အဆင့်မြင့်မော်တာ အပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ဘားအံမြို့ လှာကမြင်(ကွက်သစ်) ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ် ဖားပြ ကျေးရွာမှ နော်ဖေဘူးဘူးနှင့် ဘားအံမြို့နယ် အီဟယ်လေးကျေးရွာမှ မချစ်ချစ်တို့အား အပ်ချုပ်စက်တစ်စုံစီနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းကို ကရင်ပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသူ ၂၀ တို့ ရက်သတ္တ ငါးပတ်ကြာတက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းတွင် တက္ကသိုလ်ရင်ဖုံးအင်္ကျီ၊ မြန်မာခါးတိုရင်ဖုံးလက်လျှောအင်္ကျီ၊ တစ်ဆက်တည်းလည်ထောင်ရင်စေ့၊ နောက်ကွဲဖြတ်ဆက်၊ ပခုံးပျောက်အင်္ကျီ၊ ကုတ်အင်္ကျီ၊ သတို့သမီးရင်ခံ၊ သတို့သမီးအပေါ်ထပ်၊ ထိုင်မသိမ်း(ပတ်ထမိန်) ချုပ်နည်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လူငယ်ခေါင်းဆောင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှု ဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၆**

လူငယ်ခေါင်းဆောင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှု ဟောပြောပွဲကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၃ နာရီက ပခုက္ကူမြို့ ကုန်သည်ပွဲစားများအသင်းခန်းမ၌ ကျင်းပသည်။

Yangon Business Management Centre မှ CEO စီးပွားရေးပညာရှင် ဦးတိုးတိုးအောင်က စီးပွားရေးလုပ်ငန်းရှင် မန်နေဂျာတစ်ဦးတွင် ရှိသင့်သည့် စီးပွားရေးစီမံခန့်ခွဲမှုနှင့် မဟာဗျူဟာများအကြောင်းကိုလည်းကောင်း၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်က စီးပွားရေးနှင့် လူမှုဆက်ဆံရေးလုပ်ငန်းများတွင် အရေးကြီးသည့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်းအကြောင်းကိုလည်းကောင်း၊ ပခုက္ကူမြို့ အောင်မြင့်မိုရ် မိုဘိုင်းဖုန်းနှင့် ဆန်ပွဲရုံကုမ္ပဏီဒါရိုက်တာ ဦးကျော်မျိုးထွန်းက စီးပွားရေးရေရှည်တည်တံ့အောင်ထိန်းသိမ်းနည်းအကြောင်းများကိုလည်းကောင်း၊ ပခုက္ကူမြို့နယ် အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်က နည်းပညာဖြင့် စီးပွားရေးနည်းလမ်းများ ရှာဖွေခြင်းအကြောင်းကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# ကျေးရွာများအရောက် တီဘီရောဂါ ရှာဖွေကုသ

**ဗန်းမောက် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် ဗန်းမောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ အရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဗန်းမောက်မြို့နယ် ပန်းတောရွာ၊ မင်းကုန်းရွာ၊ နန်းဇား ရွာ၊ စာခမ်းရွာနှင့် စီးမော်ရွာများသို့ အရောက်သွားကာ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ ၉၃၈ ဦးအနက်မှ ၉၁၁ ဦးကို ဓာတ်မှန်ရိုက်စစ်ဆေးပြီး ၁၂၀ ကို သလိပ်စစ်ဆေး ပေးခဲ့ရာ သလိပ်ပိုးတွေ့လူနာ ခုနစ်ဦးအပါအဝင် တီဘီ လူနာ ၂၇ ဦးကိုရှာဖွေကုသပေးခဲ့ကြောင်း သိရသည်။

လူနာများကိုသက်ဆိုင်ရာ အခြေခံကျန်းမာရေးဝန်ထမ်း များနှင့် ချိတ်ဆက်၍ တီဘီဆေးကုသမှုခံယူနိုင်ရန် စီစဉ်ပေး ပြီး အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိ ပညာပေးခြင်း၊ သွေးတိုး၊ ဆီးချိုနှင့် HIVစစ်ဆေးပေးခြင်း များကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**





# ဖားကန့်သီတဂူစက္ခုဒါနဆေးရုံ၌ အထွေထွေခွဲစိတ်ကုသဆောင်သစ် ဖွင့်လှစ်

**ဖားကန့် ဇန်နဝါရီ ၆**

ကချင်ပြည်နယ် ဖားကန့်မြို့ရှိ သီတဂူစက္ခုဒါနဆေးရုံဝင်း အတွင်း အလှူရှင်၏ ဆောက်လုပ်လှူဒါန်းမှုဖြင့် အထွေထွေ ခွဲစိတ်ကုသဆောင်သစ်ကို ဇန်နဝါရီ ၄ ရက်ကတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အထွေထွေခွဲစိတ်ဆောင်သစ်ကို ပိုင်ဖြိုးသီဟ ကျောက်မျက်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင် ညွန့်မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ပြီး သုံးထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

သီတဂူစက္ခုဒါနဆေးရုံတွင် ဇန်နဝါရီလဒုတိယပတ်မှ စတင်ကာ မျက်စိဝေဒနာသည်များအား တတိယအကြိမ် မြောက် မျက်စိအထူးကုပါရဂူများ၊ ဆရာဝန်များက အခမဲ့ ကုသမှုဆောင်ရွက်ပေးတော့မည်ဖြစ်ပြီး အထွေထွေခွဲစိတ် ဆောင်၌လည်း အထွေထွေရောဂါများအားခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်သည်။

**တာလင်းမောင်(ပြန်/ဆက်)**

# အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာညီလာခံ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၆**

နိုင်ငံအတွင်းရှိ ပြည်သူများကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်မြင့်မား လာစေရန်အတွက် နိုင်ငံခြားပညာရှင်များ ဟောပြောဆွေးနွေးမည့် မြန်မာနိုင်ငံ၌ ပထမဦးဆုံး အကြိမ် ကျင်းပသော "အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာညီလာခံ"ကို ရန်ကုန် မြို့ နိုဗိုတယ်ဟိုတယ်၌ ဇန်နဝါရီ ၂၂ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အားကစားသိပ္ပံပညာနှင့် အားကစား ဆေးပညာဆိုင်ရာညီလာခံ၌ ဟောင်ကောင်၊ မလေး ရှား၊ စင်ကာပူ၊ ယူကေ၊ ယူအက်စ်နှင့် ကိုရီးယားနိုင်ငံ တို့ရှိ ကမ္ဘာကျော်အားကစားနှင့် ကျန်းမာရေးဆိုင်ရာ ပါမောက္ခများအပါအဝင် ပညာရှင် ၁၂ ဦးတို့က လာရောက် ဟောပြောဆွေးနွေးကြမည်ဖြစ်သော ကြောင့် ပြည်တွင်းမှ ဆရာဝန်များ၊ ဆေးပညာနယ် အသီးသီးမှ ပညာရှင်များ၊ အားကစားသမားများ၊ အားကစားကဏ္ဍနှင့် သက်ဆိုင်သော စီးပွားရေးလုပ် ငန်းရှင်များ၊ အားကစားနှင့် ကျန်းမာရေးလိုက်စား နေသူများ၊ Gym trainerများ၊ Coach များ၊ Instructor များ အပါအဝင် မြန်မာ့အားကစား တိုးတက်ရန် စိတ်ဝင်စားကြသူများအနေဖြင့် မိမိ လေ့ကျင့်နေသည့် အားကစားအတွက် သိပ္ပံနည်းကျ နည်းစနစ်များနှင့် အားကစားဆိုင်ရာ ဆေးပညာရပ် များအပြင် ဆောင်ရန်ရှောင်ရန်နှင့် မှတ်သားစရာ အချက်များ ကိုပါ ဗဟုသုတစုံလင်စွာ ရရှိနိုင်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက ပြောကြားသည်။

ညီလာခံတက်ရောက်သူများအတွက် ကျန်းမာ ရေးနှင့်အားကစားဝန်ကြီးဌာနမှ တက်ရောက် ပြီးဆုံးကြောင်း (Certificate) လက်မှတ်ထုတ်ပေး မည်ဖြစ်ပြီး ညီလာခံ၌ မြန်မာဘာသာပြန်စက်များ နှင့် နားကြပ်များလည်း စီစဉ်ထားပေးမည်ဖြစ် ကြောင်း၊ လူဦးရေကန့်သတ်ထားသဖြင့် စိတ်ပါဝင်စား သူများအနေဖြင့် တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံးနှင့် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းရှိ Hotel Lexus တို့၌ဇန်နဝါရီ ၄ ရက်မှ ၁၅ ရက်အထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါညီလာခံ၌ ပြခန်းများ ပါဝင်မည်ဖြစ်ပြီး Gym များ၊ ကျန်းမာရေးနှင့် သက်ဆိုင်သောအစား အသောက်နှင့်အချိုရည်များ၊ အားကစားနှင့် ပတ် သက်သောလုပ်ငန်းများ၊ အားကစားကိရိယာဆိုင် များ၊ ဆေးကုမ္ပဏီများ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်း များမှ ပြခန်းများဖြင့် ပါဝင်ခင်းကျင်းပြသကြမည် ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# လှည်းကုန်း-မိုးနဲ-သရဖူ-ကျားတွန်း-အင်းတိန်ကျေးလက်လမ်း ဂျာမနီဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် ကတ္တရာခင်း



**ရန်ကုန် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့ နယ် လှည်းကုန်း-မိုးနဲ-သရဖူ-ကျားတွန်း- အင်တိန် ကျေးလက်လမ်း ၁၉ ဒသမ ၄ ကီလိုမီတာကို ဂျာမနီဖွံ့ဖြိုးရေးဘဏ် ထောက်ပံ့ကူညီငွေ ယူရို ၃၅၁၇၄၉၆ ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး ခရိုင်ကျေးလက်လမ်းဦးစီးက ကတ္တရာ လမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးလက်လမ်းသည် မူလက ၁၀ ပေ အကျယ်သာရှိသည့် မြေသားလမ်းဖြစ်၍ မိုးရာသီ တွင် သွားလာရခက်ခဲသော လမ်းတစ်လမ်းဖြစ် သော်လည်း အောင်ပန်း၊ ပင်လောင်း၊ မိုးနဲ၊ လွိုင်ကော်လမ်းပေါ်ရှိ ပင်လောင်းမြို့နယ် တီကျစ်မြို့ လှည်းကုန်းကျေးရွာမှ ညောင်ရွှေမြို့နယ် အင်းလေးကန်အနောက်ဘက်ရှိ အင်းတိန် ကျေးရွာသို့ ဆက်သွယ်သည့် မြို့နယ်ချင်းဆက် လမ်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် ကတ္တရာခင်း ခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါကျေးလက် လမ်းပြီးပါက ဒေသတွင်းရှိ ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၆၄၀ လူဦးရေ ၄၅၁၀ တို့ အတွက် အကျိုးခံစားရမည်ဖြစ်သည့်အပြင် အင်းလေးကန်အနောက်ဘက်ဒေသမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် ရောက်ရှိနိုင်တော့ မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## သတင်းစုံကဏ္ဍ

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### နည်းပညာသင်တန်း ဖွင့်လှစ်မည်

လူသုံးကုန်နှင့် အလှကုန်ပစ္စည်း ထုတ်လုပ်သည့် နည်းပညာသင်တန်းကို မန္တလေး မြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဇန်နဝါရီ ၈ ရက် မှ ၁၄ ရက်အထိ နံနက် ပိုင်းမှ စတင်၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

### သုတေသနနည်းပညာနှင့် စာတမ်းရေးနည်း ဟောပြောမည်

သုတေသနနည်းပညာနှင့် စာတမ်းရေးနည်းဆိုင်ရာ ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် MCC ခန်းမ၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အလှမောင်/အလှမယ်ရွေးချယ်ပွဲနှင့် ကုန်စည်ပြပွဲ ကျင်းပမည်

အလှမောင်/အလှမယ်ရွေးချယ်ပွဲနှင့် ကုန်စည်ပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်ရှိ Hilton Hotel ၌ ဇန်နဝါရီ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ကုန်စည်ပြပွဲကို နံနက်ပိုင်းမှ စတင်ကျင်းပသွားမည်ဖြစ်ကာ အလှမောင်/အလှ မယ်ပြိုင်ပွဲကို ညနေ ၅ နာရီ တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

### ဈေးရောင်းပွဲတော် ကျင်းပမည်

ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာကျောင်းဆင်းလက်ရာနှင့် ရက်ကန်း ပညာရပ်ဆိုင်ရာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို အမရပူရမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ သင်တန်းကျောင်းတွင် ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကာ မည်သူမဆို အခမဲ့လာရောက် လေ့လာနိုင်ကြောင်း သိရသည်။

### လမ်းကြမ်းမောင်း ကား၊ ဆိုင်ကယ်ပြိုင်ပွဲ ကျင်းပမည်

လမ်းကြမ်းမောင်း ကား၊ ဆိုင်ကယ်ပြိုင်ပွဲကို မန္တလေးမြို့ ဒုဋ္ဌဝတီမြစ်ကမ်း ၁၀ မိုင်ကမ်းခြေ မန်ကျည်းအင်းရွာတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရပြီး မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

### အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

Job Error 404 ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ လမ်း ၆၀၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ ရတနာတိုင်းပြည်အိမ်ရာတွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စာအုပ်မိတ်ဆက်ပွဲ ကျင်းပမည်

စာရေးဆရာမ နိုင်းနိုင်းစနေ ၏ ဆာဟာရ၏ နေ့ရက်များ စာအုပ်မိတ်ဆက်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် Ocean Supercenter ပရိုမိုးရှင်းနေရာ၌ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# ဒေးဗစ်အလာဘာကို ချယ်လ်ဆီးအသင်းက ပေါင်သန်း ၆၀ နဲ့ ခေါ်ယူရန် စီစဉ်



ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်ဟာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဘယ်နောက်ခံကစားသမား ဒေးဗစ်အလာဘာကို အခုဇန်နဝါရီဈေးကွက်အတွင်းမှာ ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ နဲ့ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

နည်းပြဖရန့်လမ်းပတ်ဟာ နွေရာသီကာလအတွင်းက နည်းပြဆာရီထံကနေ နည်းပြတာဝန်လွှဲပြောင်းရယူခဲ့ပြီးနောက်ပိုင်း မားကို့စ်အလွန်ဆိုကို ချယ်လ်ဆီးအသင်းရဲ့ ပုံမှန်ပွဲထွက်ကစားသမားစာရင်းကနေ ချန်လှပ်ထားခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ဘယ်နောက်ခံကစားသမားနေရာမှာ လစ်လပ်နေတာကြောင့် ချယ်လ်ဆီးအသင်းခေါင်းဆောင်ဖြစ်တဲ့ ညာနောက်ခံကစားသမား အက်ပီလီကူတာက ဘယ်ခြမ်းခံစစ်ကိုပြောင်းပြီး ကစားနေရတာဖြစ်ပါတယ်။

အက်ပီလီကူတာဟာ သူ့နေရာမဟုတ်တဲ့ ညာခြမ်းခံစစ်မှာ အကောင်းဆုံးကစားနိုင်သော်လည်း နည်းပြ ဖရန့်လမ်းပတ်ကတော့ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဘယ်နောက်ခံကစားသမား ဒေးဗစ်အလာဘာကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ ဒေးဗစ်အလာဘာဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါဖလားကို ရှစ်ကြိမ်မြောက်အဖြစ် ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒေးဗစ်အလာဘာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၁၈ လ ကျန်ရှိနေသေးတယ်လို့လည်း သိရပါတယ်။




# အာဂျင်တီးနားဘောလုံးဂန္ထဝင် မာရာဒိုနာ ဗင်နီဇွဲလားလက်ရွေးစင်အသင်းနည်းပြချုပ်ဖြစ်လာမည်ဟု သတင်းထွက်နေ

အာဂျင်တီးနားဘောလုံးဂန္ထဝင် ဒီယေဂိုမာရာဒိုနာဟာ ဗင်နီဇွဲလားနိုင်ငံလက်ရွေးစင် အသင်းနည်းပြချုပ်ဖြစ်ရန်နဲ့ နည်းပြဟောင်း ရာဖေးလ်ဒူဒါမယ်ရဲ့ နေရာမှာ အစားထိုးမယ့် ဦးစားပေးနည်းပြဖြစ်လာဖို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

ဗင်နီဇွဲလားအသင်းနည်းပြ ဒူဒါမယ်လ်ဟာ ဘရာဇီးကလပ် အက်သလက်တီကို မီနီရိုအသင်းကို ကိုင်တွယ်ဖို့အတွက် ဗင်နီဇွဲလားအသင်း နည်းပြအဖြစ်ကနေ ပြီးခဲ့တဲ့တစ်ပတ်က နုတ်ထွက်သွားခဲ့တာကြောင့် အသက် ၅၉ နှစ်အရွယ်ရှိ ဒီယေဂိုမာရာဒိုနာကို ဗင်နီဇွဲလားအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

မာရာဒိုနာဟာ ၁၉၈၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားလက်ရွေးစင်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ပြီး လက်ရှိမှာ အာဂျင်တီးနားပထမတန်း ကလပ်အသင်းဖြစ်တဲ့ ဂျင်နာ့ရှားအသင်း နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်နေကာ အဲဒီအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ လာမယ့် မေလအတွင်းမှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

ဗင်နီဇွဲလားဘောလုံးအဖွဲ့ချုပ်အနေနဲ့ မတ်လအတွင်းမှာ စတင်မယ့် ၂၀၂၂ ကမ္ဘာ့ဖလား တောင်အမေရိကဇုန်ခြေစစ်ပွဲစဉ်တွေ မတိုင်ခင်မှာ မာရာဒိုနာကို နည်းပြချုပ်အဖြစ်ခန့်အပ်ဖို့ မျှော်လင့်လျက်ရှိတယ်လို့လည်း ဆိုပါတယ်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

# ၁၂ နှစ်ကြာ လက်တွဲလာခဲ့တဲ့ မန်နေဂျာရဲ့ အေဂျင်စီနဲ့ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားမယ့် အိုင်ယူ




အိုင်ယူဟာ ကျော်ကြားတဲ့ တစ်ကိုယ်တော် ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေသူဖြစ်ပါတယ်။ သူဟာ လတ်တလောမှာ အေဂျင်စီဟောင်းနဲ့ လမ်းခွဲကာ အေဂျင်စီသစ်နဲ့ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်မှာ ဖြစ်ပါတယ်။ အိုင်ယူရဲ့ အေဂျင်စီသစ်ကို သူနဲ့ ၁၂ နှစ်ကြာ လက်တွဲကာ လုပ်ဆောင်လာခဲ့သူ သူ့ရဲ့မန်နေဂျာက တည်ထောင်ထားတာဖြစ်ကြောင်း ကိုရီးယားဘိုးဒ်ေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူဟာ သူ့ရဲ့ မန်နေဂျာအဖြစ် ၁၂ နှစ်ကြာ လုပ်ဆောင်လာခဲ့တဲ့ ဘေဂျွန်ဟန်ရဲ့ အေဂျင်စီအောက်မှာ အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ အေဂျင်စီသစ်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပေမယ့် အေဂျင်စီဟောင်းမှာ အိုင်ယူအတွက် လုပ်ဆောင်ပေးခဲ့ကြတဲ့ အဖွဲ့တစ်ဖွဲ့လုံး အိုင်ယူနဲ့အတူ အေဂျင်စီသစ်ကို လိုက်ပါလာခဲ့တာကြောင့် အိုင်ယူအနေနဲ့ လူဟောင်းတွေနဲ့သာ တွဲဖက်ကာ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အိုင်ယူဟာ မကြာသေးမီက သူ့ရဲ့ ဒုတိယအကြိမ် အာရှနယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို အဆုံးသတ်ခဲ့ပါတယ်။ လက်ရှိမှာ ရုပ်ရှင်သစ် Dream အတွက် ပြင်ဆင်မှုတွေ လုပ်ဆောင်နေကြောင်းလည်း သိရပါတယ်။



# ဇီကိုရဲ့ တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် Super Junior

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ဟာ ဇီကို ရေးသားပေးထားတဲ့ တေးသီချင်းသစ်တစ်ပုဒ်နဲ့အတူ မကြာမီမှာ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ပြန်လည်စုစည်းထားတဲ့ တေးအယ်လ်ဘမ်သစ်ကို ဇန်နဝါရီလကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်မှာ ဇီကို ရေးသားထားတဲ့ တေးသီချင်းသစ်တစ်ပုဒ်လည်း ပါဝင်မှာဖြစ်ပြီး တေးအယ်လ်ဘမ်သစ် မထွက်ရှိမီ တေးသီချင်းသစ်ကို ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# ရွှေကမ္ဘာလုံးဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော ကိုရီးယားရုပ်ရှင် Parasite




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ Parasite ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ ဟောလိဝုဒ်ရဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားတစ်ခုဖြစ်တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲမှာ အကောင်းဆုံးနိုင်ငံခြားဘာသာစကားရုပ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။ တောင်ကိုရီးယားရုပ်ရှင်တွေအနက် Parasite ရုပ်ရှင် ရွှေကမ္ဘာလုံးဆုကို ဆွတ်ခူးနိုင်ခဲ့တာဟာ ပထမဆုံးဖြစ်ကြောင်း စွန်ပီ ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၆ ရက်မှာ (၇၇) ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲကို လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တာဖြစ်ပြီး အဆိုပါဆုပေးပွဲမှာ Parasite က အကောင်းဆုံးနိုင်ငံခြားဘာသာစကားရုပ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဆုပေးပွဲအခမ်းအနားကို အဆိုပါရုပ်ရှင်ရဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဆောင်းကန်ဟို၊ ဂျိုရယ်ဂျောင်နဲ့ လီဂျန်အွန်းတို့အပြင် ဒါရိုက်တာဘွန်ဂျွန်ဟိုလည်း တက်ရောက်ကာ ထူးချွန်ဆု လက်ခံရယူအပြီး အမှတ်တရစကား ပြောကြားခဲ့ပါတယ်။ Parasite ဟာ ယခုနှစ် ရွှေကမ္ဘာလုံးဆုပေးပွဲ ဆန်ခါတင်စာရင်းမှာ ဆုနေရာသုံးဆုအတွက် လျာထားခံရပြီး အဲဒီအထဲကမှ အကောင်းဆုံး နိုင်ငံခြားဘာသာစကားရုပ်ရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)အရ

## ဒေါ်စန်းစန်းရီ

**SME Development Bank - ဥက္ကဋ္ဌ**

**Super One Holdings Co., Ltd. - CFO & Senior MD** အား

## သီရိသုဓမ္မသိင်္ဂီဘွဲ့

ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခံရပါသဖြင့် အထူးပင်လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

နိုင်ငံတော်အကျိုး၊ သာသနာတော် အကျိုးတို့ကို ဆတက်ထမ်းပိုးတို့၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Super One Holdings Co., Ltd. , Nation Mart , Bench/ , Fashion Lab

Golden Starch Co., Ltd. , Super One Dragon Co., Ltd.

Soap Factory (Magway) , Corn Starch Factory (Yan Pae) , Sugar Factory (Belin)

**ဝန်ထမ်းမိသားစုများ**

---

## "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့်
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ ဂဠုန်မင်း ရွှေဆိုင်ပိုင်ရှင်
**ဒေါ်အေးအေးသက် (ခ) ဒေါ်သဉ္ဇာထွန်းအား**
နိုင်ငံတော်မှ "**သီဟသုဓမ္မသိင်္ဂီ**" ဘွဲ့ကို
အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် သက်ရှည်ကျန်းမာ
ချမ်းသာစွာဖြင့် သာသနာ့အကျိုး၊
နိုင်ငံအကျိုး ဆတက်ထမ်းပိုးတို့၍
ထမ်းရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။

**၄၄ လမ်း၊ ရွှေသရဖူမိသားစု**

## "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"

၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်
အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့်
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ စိန်နဂါး ရွှေဆိုင်ပိုင်ရှင်
**ဒေါ်မြသန်း** အား
နိုင်ငံတော်မှ "**သီရိသုဓမ္မသိင်္ဂီ**" ဘွဲ့ကို
အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် သက်ရှည်ကျန်းမာ
ချမ်းသာစွာဖြင့် သာသနာ့အကျိုး၊
နိုင်ငံအကျိုး ဆတက်ထမ်းပိုးတို့၍
ထမ်းရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။

**၄၄ လမ်း၊ ရွှေသရဖူမိသားစု**


**EAZY DRIVE**
**(အမျိုးသမီးသီးသန့်)**
(ကားမောင်းအမြန်ရက်တိုသင်တန်း)
ရန်ကုန်မြို့ထဲ လမ်းများပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ပြီး ယာဉ်ကြောပြောင်းကျွမ်းကျင်ပိုင်နိုင်စွာ ကိုယ်တိုင်မောင်းနိုင်ရန်နှင့် မြို့ထဲ၌ကားပါကင်အမြန်ထိုးနိုင်အောင် တစ်ဦးချင်းအတတ်သင်ပေးသည်။
Ph:09-264807699

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိပ်ခန်း၊ ရုံးခန်းများကို 15', 16' Box ကားနှင့် လုပ်သားများအပါ။
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
09 5024774
09 73179228
09 49155515


ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

# အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ မင်္ဂလာအချိန် အခါသမယတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စနမဟီရပ်ကွက်၊ လမ်း ၈၀၊ ၃၂x၃၃လမ်းကြား၊ အမှတ် (၂၇၃/က) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ် (၆/က) နေ

## သီဟသုဓမ္မသိင်္ဂီ ဒေါ်လှလှဝေ

ချက်သမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်၊
Managing Director - **GREAT DIAMOND** GEMS & JEWELLERY အား
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ သာသနာတော်ဆိုင်ရာ **'အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်'** ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ချစ်ခင်ပွန်းနှင့် ချစ်သားချစ်သမီးများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း - ဦးအောင်အောင် Chairman - GREAT DIAMOND GEMS & JEWELLERY

ချစ်သား/သမီးများ - ကိုသန့်စင်+မအေးအေးငြိမ်းအောင်
- မခင်စန္ဒီအောင်
- မောင်ပိုင်စိုးဟိန်းအောင်
- မအိအိသိမ့်အောင်
- မအေးချမ်းမိုးအောင်

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် "အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder ဦးစိုင်းမျိုးဝင်းနှင့် "အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ" ဘွဲ့ကို ဇနီး ဒေါ်နန်းခင်မြင့်ရီ Senior Vice Chairman & Co-Founder တို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**EXCELLENT FORTUNE FOUNDATION**

**(EFF FOUNDATION)**

အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများ

# Golden Brothers Golfer Group

## ရွှေညီအစ်ကိုများ ဂေါက်သီးရိုက်အသင်း၏ ဂုဏ်ထူးဆောင်နာယက ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၄ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်-(၂/၂၀၂၀)ဖြင့် **"သရေစည်သူဘွဲ့"ကို "ကမ္ဘောဇဘဏ်နာယက၊ ရွှေညီအစ်ကိုများ ဂေါက်သီးရိုက်အသင်း၏ ဂုဏ်ထူးဆောင်နာယက ဦးအောင်ကိုဝင်း"**အား ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြု ပြည်သူ့အကျိုးပြု ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်**
**ရွှေညီအစ်ကိုများ ဂေါက်သီးရိုက်အသင်းသားများ**
**Golden Brothers Golfer Group**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

**သုဓမ္မမဏိဇောတဓရ ဦးဇော်ဝင်း(ဥက္ကဋ္ဌ/CEO)** ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက် စိန်ရွှေထိပ်တန်း ဆောက်လုပ်ရေးကုမ္ပဏီ၊ ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ (သန်လျင်) သည် ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၄ရက် ရက်စွဲပါ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် **"သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်"** ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာလည်း ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဆတက်ထမ်းပိုးတိုးတက် ဆောင်ရွက်နိုင်ပါစေကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဝန်ထမ်းများ**
**"ဇော်ထက်ပိုင်" အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**"စိန်ရွှေထိပ်တန်း" ဆောက်လုပ်ရေးကုမ္ပဏီ**

Certificate TH09/3125
ဦးသာရင် ၏ လေငန်းလိမ်းဆေးမှုန့်
TMR 002767 (05/19)
ပါးရှဲခြင်း၊ လေဖြန်းခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း ပြစ်လျှင်လိမ်းနိုင်ပါသည်။
Certificate TH06/3966
ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဖကံဘွဲ့၊ မြေကွက်အမှတ်(၁/ဈ-၁၃-E)၊ မြေကွက်လိပ်စာအမှတ်(၅၈)၊ သာယာရွှေပြည်လမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော ဒေါ်ခင်ဖုန်းဝေနှင့် ဦးမြတ်သူတို့ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်အမျိုးအစား၊ မြေငှားစာချုပ်အမှတ်-ရက/ဂရန်(တိုး) ၂/၂၀၁၈၊ (၁၈၉၀) စတုရန်းပေ၊ ဧရိယာ(၀.၀၄၃)ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ဖုန်းဝေနှင့်ဦးမြတ်သူတို့မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉။**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/တောင်)၊ မာန်ပြေ(၅)လမ်းအရှေ့၊ မြေကွက် အမှတ်(၁၁၂၁/ခ)၊ ဦးမြင့်အောင်၊ ဒေါ်စန်းတိုးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ(၂၀x၆၀)နှင့် ပေပို(၄)ပါရှိသော မြေကွက်အနက်(မြေကွက်ကိုမျက်နှာမူလျှင် ဘယ်ဘက်) မြေအကျယ်ပေ(၁၆x၆၀) ရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဦးမြင့်အောင် (ကွယ်လွန်)၏ ဇနီး ဒေါ်မြင့်မြင့်စန်း[၁၂/သကတ(နိုင်)၀၁၆၈၄၉]မှ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးလှငွေးမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးရာ ဤကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဦးလှငွေး**
**(ဖုန်း-၀၉-၇၉၉၉၉၂၅၁၆)**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉။**

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

Success pest control service
"ခြ"
Chemical လုံးဝ မပါဝင်သော
Ph:09793677242,09450227887

တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

ဧရာဝတီ? 

ဇန်နဝါရီ ၇၊ ၂၀၂၀

ကမ္ဘောဇဘဏ်လီမိတက်

နာယက

**ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း အတွက်**

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀**

**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်၊ ၂၀၂၀ ပြည့်နှစ်**

**ဇန်နဝါရီလ ၄ ရက် နေ့တွင်**

**နိုင်ငံတော်သမ္မတ မှ**

**ပြည်ထောင်စုစည်သူသက်တံဆိပ်**

**သရေစည်သူဘွဲ့အား**

**ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်**

**အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်**

**အမျိုးဘာသာ၊ သာသနာအကျိုးကို**

**ဆက်လက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း**

**ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။**

ဦးစိုင်းကိုကိုအောင်
မြေထိုးသစ်ဦး ထရေးဒင်းလီမိတက်
ရန်ကုန်မြို့

ဦးလှိုင်ဟိန်း
ZBT Co., Ltd.
ရန်ကုန်မြို့

ဦးကျော်သီဟ
ရန်ကုန်မြို့

**"မြန်မာနိုင်ငံလူငယ်စွန့်ဦးတည်ထွင်လုပ်ငန်းရှင်များအသင်း (MYEA) နာယက"**

## "ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း"

**အတွက်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀-ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀) ဖြင့် အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ပထမဆုံးနှင့်အမြင့်ဆုံးဖြစ်သော **"သရေစည်သူဘွဲ့"** ကို **"KBZ BANK နာယက ဦးအောင်ကိုဝင်း"** အား ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

- ၂၀၁၂ မှ ၂၀၁၉ ခုနှစ်ထိ တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို (၇)နှစ်ဆက် **"ဝင်ငွေခွန် စုစုပေါင်းကျပ်ငွေ (၁၃၈.၇၅)ဘီလီယံ"** ထမ်းဆောင်ခဲ့ခြင်း၊
- နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး **ကျပ်ငွေစုစုပေါင်း "(၁၅၆)ဘီလီယံကျော်"** လှူဒါန်းခဲ့ခြင်းနှင့် နိုင်ငံတော်နှင့်ပြည်သူအတွက် ထူးခြားစွာဆောင်ရွက်ခဲ့ခြင်း၊
- နိုင်ငံတော်၏ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် အဖွဲ့အစည်းများတွင် **"နာယက"** အဖြစ် ခေတ်အဆက်ဆက် လူအား၊ငွေအားဖြင့် ပံ့ပိုးကူညီ ဦးဆောင်ဦးရွက်ပြုလျက်ရှိခြင်း၊
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်း၊
- နိုင်ငံအတွင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် အမြောက်အမြား ပေါ်ထွန်းလာအောင်ပံ့ပိုးကူညီဖော်ဆောင်ပေးခဲ့ခြင်းနှင့် လူငယ်လုပ်ငန်းရှင်များ လေးစားအားကျ အတုယူဖွယ်ရာ ရှေ့ဆောင်နမူနာပြု ပြသပေးခြင်း၊
- နှစ်စဉ်ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ပြည်တွင်းဆုနှင့် နိုင်ငံတကာဆု အမြောက်အမြားကို လက်ခံရရှိခဲ့ခြင်း စသည့် အောင်မြင်မှုများအတွက်

**"မြန်မာနိုင်ငံလူငယ်စွန့်ဦးတည်ထွင်လုပ်ငန်းရှင်များအသင်း (MYEA) နာယက ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်နှင့် အသင်းသားများ
မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)

## ဦးလှသန်း (၈၁)နှစ်

မြောင်းမြမြို့၊ ဂုန်နီစက်ရုံ၊ မြခေမာရပ်ကွက်နေ (ဦးဘသော်-ဒေါ်မြကြီး) တို့၏ သား၊ ဒေါ်ခင်ယု၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စိုးစိုးမြင့်၊ ဒေါ်ခင်ချိုမြင့် (မျိုးဆက်သစ်ကျူရှင်)၊ ဦးသန်းထွန်းဦး(ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန)-ဒေါ်အိအိချို၊ ဦးမြင့်ဝေ-ဒေါ်လွင်လွင်မော်တို့၏ ချစ်လှစွာသောဖခင်သည် ၅-၁-၂၀၂၀(တနင်္လာနေ့) ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် မုဆိုးကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးလှသန်း (၈၁)နှစ်

နေပြည်တော်နေ ဗိုလ်ကြီးသန်းထွန်းဦး(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန)-ဒေါ်အိအိချိုတို့၏ဖခင် ဦးလှသန်း အသက်(၈၁)နှစ်သည် ၅-၁-၂၀၂၀ (တနင်္လာနေ့) ည ၉:၃၀ နာရီတွင် မြောင်းမြမြို့၊ ဂုန်နီစက်ရုံ၊ မြခေမာရပ်ကွက်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၈)မှ**
**ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဦးနွယ်တင်

**ဘူမိဗေဒအရာရှိ (ငြိမ်း)၊ M.O.G.E**

**အသက် (၈၀)**

ယခင်မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်၊ အောက်လမ်းမကြီးနေ [ဦးအုန်းမောင် (ခနသိဒ္ဓိဆန်စက်)-ဒေါ်ငွေစိန်]တို့၏သားထွေး၊ (ဦးကျင်စိန်-ဒေါ်အေးကြိုင်)၊ ဒေါ်နှင်းမြိုင်၊ ဦးဌေးအောင် (စက်မှု-၁၊ ငြိမ်း)-ဒေါ်သန်းသန်းဆွေ (ထ/ပြ-ငြိမ်း)တို့၏ ညီ/မောင်၊ (မောင်ပြည့်ဖြိုးဇော်)၏ ဖခင်၊ ဒေါ်ဝင်းဝင်းတင် (ငါးဦးစီး-ငြိမ်း)၏ခင်ပွန်း၊ တူ/တူမ ရှစ်ယောက်တို့၏ ချစ်လှစွာသောဦးလေး၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးလေး၊ အမှတ်(၈၃၄)၊ သမိန်ဗရမ်းလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့နေ ဦးနွယ်တင်သည် ၅-၁-၂၀၂၀ (တနင်္လာနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရမ်းမြို့နယ်အသင်း(ရန်ကုန်)**

## ဦးသန်းလွင် (ခရမ်း)

**(ဦးဆောင်နာယက၊ ခရမ်းမြို့နယ်အသင်း-ရန်ကုန်)**

**အသက် (၇၅) နှစ်**

**အသင်းဝင်အမှတ်(၁၂၄၆)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ်(၃၁)နေ (ဒေါ်တင်တင်)၊ ဒေါ်ကြည်ကြည်သန်း၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းလွင်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမုဟမ္မဒ်အယူးဘ်(ခ)ဦးသန်းမြင့်

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂၁)လမ်း၊ အမှတ်(၅၃)နေ [ဦးအဗ္ဗူကရင်နှင့် ဟာဂျီမဇိုင်နဘ်ဘီ(ခ)ဒေါ်သန်းခင်]တို့၏ တတိယမြောက်သား၊ ဟာဂျီဦးတင်ဝင်း၊ ဟာဂျီဦးသန်းထွန်း(ရှေ့နေ)၊ ဟာဂျီမ ဒေါ်ကြူကြူဝင်း၊ ဟာဂျီဦးတင်စိုး၊ ဒေါ်တင်တင်ဝင်း၊ ဟာဂျီမ ဒေါ်လှလှဝင်းတို့၏ ညီ/မောင် ဟာဂျီမုဟမ္မဒ်အယူးဘ်(ခ)ဦးသန်းမြင့်သည် ၂-၁-၂၀၂၀ ရက် ည ၁၁:၂၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၃-၁-၂၀၂၀ ရက် ဂျုမ္မာနမားဇ်အပြီး စွန္နီမွတ်စ်လင်မ် ကဘရ်စတာန်ဥယျာဉ်တော်(ရေဝေး)၌ ဒါဖနာ ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ**

## ဒေါ်မြင့်မြင့်ဝင်း

**အောင်ကျော်သိန်းထီဆိုင်၊ ရေကျော်**

**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ မြောင်းကြီးလမ်း(၈၉)နေ (ဦးချစ်ဆိုင်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးကျင်သိန်း-ဒေါ်ဌေးကြည်)တို့၏သမီးချွေးမ၊ ဦးအောင်ဆန်းဦး (အောင်ကျော်သိန်းထီဆိုင်)၏ ချစ်လှစွာသောဇနီး၊ မောင်ကြည်မင်းလှိုင်-မမေဇွန်ဦး၊ ကိုဖိုးတိုး-မနှင်းဝတ်ရည်တို့၏ မွေးသမိခင်၊ မောင်ဟိန်းအာကာထက်၊ မောင်ဘုန်းအာကာထက်၊ မသင်းနဒီဦး၊ မောင်ဇမ္ဗူလင်းရောင်တို့၏ အဘွား၊ ဦးမြင့်ဦး၊ ဦးလှမျိုး၊ ဒေါ်ဌေးဌေးဝင်းတို့၏ ညီမ၊ ဒေါ်နွယ်နွယ်ဝင်း၊ ဦးဝင်းသိန်း၊ ဒေါ်မြမြစိုးတို့၏အစ်မ ဒေါ်မြင့်မြင့်ဝင်းသည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်း၊ လမ်း၊ တံတား သာသနာ့ဒါယကာကြီး**

## ဦးသန်းလွင်

**ထူးသစ်၊ ငွေဇာပုလဲ ကုမ္ပဏီဥက္ကဋ္ဌ**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ်(၃၁)နေ (ဦးသိန်း-ဒေါ်ကြင်မြ)တို့၏သား၊ ပဲခူးမြို့၊ သာသနာ့ဇောတိကကျောင်းတိုက်ဆရာတော် ဦးသုဇန၊ တိုက်အုပ်ဆရာတော် ဦးဇနိတ၊ တွံတေးမြို့၊ တာဝကျောင်းတိုက်ဆရာတော် ဦးဣန္ဒာစက္ကနှင့် ရဟန်း (၁၂၈) ပါးတို့၏ ရဟန်းဒါယကာကြီး၊ ကိုတင့်ဆွေ-မဝင်းဝင်းနွယ်၊ မအေးအေးမော်၊ ကိုကျော်ဝင်း-မစန်းစန်းဌေး၊ မရီမြင့်၊ ကိုတင်ဝင်းအောင်-မသွယ်သွယ်နိုင်၊ ကိုအောင်တင်သိန်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ (ဒေါ်တင်)၊ ဒေါ်ကြည်ကြည်သန်းတို့၏ခင်ပွန်း သာသနာ့ဒါယကာကြီး ဦးသန်းလွင်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၀၅ နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်း၊ လမ်း၊ တံတားတို့၏သာသနာ့ဒါယကာကြီး**

## ဦးသန်းလွင်

**ထူးသစ်၊ ငွေဇာပုလဲ ကုမ္ပဏီဥက္ကဋ္ဌ**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ်(၃၁)နေ (ဦးသိန်း-ဒေါ်ကြင်မြ)တို့၏သား၊ ပဲခူးမြို့၊ သာသနာ့ဇောတိကကျောင်းတိုက်ဆရာတော် ဦးသုဇန၊ တိုက်အုပ်ဆရာတော် ဦးဇနိတ၊ တွံတေးမြို့၊ တာဝကျောင်းတိုက်ဆရာတော် ဦးဣန္ဒာစက္ကနှင့် ရဟန်း (၁၂၈)ပါးတို့၏ ရဟန်းဒါယကာကြီး၊ (ဦးမောင်ခိုင်)-ဒေါ်အေး၊ ဦးတင်ဝင်း-ဒေါ်သန်းကြည်၊ ဦးမောင်လှိုင်-(ဒေါ်စန်းစန်းရီ)၊ ဦးလှမြင့်-ဒေါ်တင်ကြွေ၊ ဒေါ်သန်းဝင်း၊ (ဦးတိုးမောင်)-ဒေါ်ငွေကြည်၊ ဦးဇော်မင်း-ဒေါ်နီနီလှိုင်တို့၏ အစ်ကိုကြီး၊ ဦးအေးသန်း၊ ဒေါ်ကြည်ကြည်သန်း၊ ဒေါ်ယဉ်ယဉ်သန်း၊ ကိုလှအောင်တို့၏အစ်ကိုကြီး သာသနာ့ဒါယကာကြီး ဦးသန်းလွင်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၀၅ နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**YMBA အသင်းကြီး ဂုဏ်ထူးဆောင်ဒုတိယဥက္ကဋ္ဌ**

## မင်္ဂလဓမ္မဇောတိကဓဇ၊ သီတဂူဦးတင်ဝင်း(သဲကုန်း)

**အသက်(၆၁)နှစ်**

**YMBA အသင်းဝင်အမှတ်၊ ရာ/၂၃၅၇**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ တိုက်အမှတ် (၄၉)နေ (ဦးမောင်ရီ-ဒေါ်သန်း)တို့၏ သား၊ ဒေါ်မြင့်မြင့်သိန်း(ခ)ဒေါ်ဖြူဖြူဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ဝင်းသည် ၅-၁-၂၀၂၀ ရက် နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ပေးကြပါရန်။ (YMBA အသင်းကြီး ရုံးရှေ့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့၊ YMBA အသင်းကြီး

## ဗိုလ်မှူး မိုးကျော်သူ (ငြိမ်း)

**ကြည်း-၂၄၈၆၃**

**YOC (42)**

**AGTI-Civil (84), B.E-Civil (92)**

**အသက် (၅၅) နှစ်**

ဘားအံမြို့နေ (ဦးစိန်လွင်-ဒေါ်နှင်းကြည်)တို့၏ သားကြီး၊ ဦးစောဟန်သိန်း-ဒေါ်နန်းစိန်သင်တို့၏ သားသမက်၊ (ဦးမင်းအောင်)-ဒေါ်သီသီစံ၊ (ဦးအောင်ဇေယျ)-ဒေါ်အိအိလွင်၊ ဦးစောရှားဖောင်-ဒေါ်သီတာလွင်၊ ဒေါ်ခက်ခက်လွင်တို့၏ အစ်ကိုကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် (၁၅)၊ အမှတ် (၃၃/စီ)နေ နန်းမိုးမို့ကြည်သိန်း၊ မောင်အာကာကျော်သူ၊ နန်းချမ်းမြေ့သူတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်နန်းဝင်းကြည်သိန်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမိုးကျော်သူ(ငြိမ်း)သည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Dr.နွယ်နွယ်လတ် (ခ) မနီမိုး

**ပါမောက္ခ (မြန်မာစာဌာန)၊ မြစ်ကြီးနားတက္ကသိုလ်**

**အသက် (၅၅) နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-ဘီ)ရပ်ကွက်၊ ဖိုးဝဇီယာလမ်း၊ အမှတ်(၂၄၅)နေ ဦးအေးကြည်-ဒေါ်သိန်းသိန်းအောင်တို့၏သမီး၊ ဦးဝင်းနိုင်ဦး၏ ညီမ၊ ဦးထွန်းဇော်ဦး၊ ဒေါ်နွယ်နွယ်လင်း၊ ဦးထွန်းထွန်းဝင်းတို့၏ အစ်မကြီး Dr.နွယ်နွယ်လတ်သည် ၆-၁-၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးအေးမြင့်

**(AGTI Electrical Power)**

**အသက်(၆၇)နှစ်**

ကြည့်မြင်တိုင်မြို့နယ်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်(၂၆)နေ (ဦးမောင်လှ-ဒေါ်လှမြင့်)တို့၏ သားကြီး၊ (ဦးကိုညွန့်-ဒေါ်သင်းစိန်)တို့၏ သားသမက်၊ (ဦးစံရင်)-ဒေါ်လှလှရီ၊ (ဦးမြင့်အောင်)-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်ကျော်-ဒေါ်ချိုချိုဝင်း၊ ဦးမြင့်ဦး(ခေတ္တ-တိုကျို)-ဒေါ်မြင့်မြင့်ဝါ (ခေတ္တ-တိုကျို)၊ ဦးအောင်သန်းထူး - ဒေါ်မြင့်မြင့်ထွေးတို့၏ အစ်ကိုကြီး၊ ဒေါ်သင်းသင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပုညာ၊ မဆုသီရိတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ တိုက်(၆)၊ အခန်း(၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သာစုကီဠန အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ**
**မြောက်ဥက္ကလာပမြို့နယ်၊ ရွှေမြန်မာမဟာစည်သာသနာ့ရိပ်သာနှင့်**
**ချောက်မြို့၊ ဇမ္ဗူဒီပသာသနာ့ရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော်**

## ဘဒ္ဒန္တ ဝိဇ္ဇာသိဒ္ဓိ

**သိက္ခာတော် (၄၉)ဝါ၊ သက်တော် (၆၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်း(ခ) ဘုန်းကြီးလမ်းရှိ ရွှေမြန်မာမဟာစည်သာသနာ့ရိပ်သာနှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၁၀)၊ အေးစေတီရပ်ကွက်ရှိ ဇမ္ဗူဒီပသာသနာ့ရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇာသိဒ္ဓိဆရာတော်သည် (၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) ၆-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၉:၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၆ ရက်)၊ ၁၄-၁-၂၀၂၀ ရက်နှင့် ၁၅-၁-၂၀၂၀ ရက်တို့တွင် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ကျွန်းချောင်းရွာ၌ သာစုကီဠန အန္တိမအဂ္ဂိစျာပနသဘင်ကို ပူဇော်ကျင်းပမည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ တပည့် ရဟန်း၊ သံဃာတော်များ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်ဌေး(ကြံခင်း)

**တက္ကသိုလ်လေ့ကျင့်ရေးကျောင်း (အ-ထ-ပြ-ငြိမ်း)**

**အသက်(၈၇)နှစ်**

ကြံခင်းမြို့၊ မဟာဗောဂလမ်းနေ (ဦးသိန်း-ဒေါ်သောင်း)တို့၏ သမီးထွေး၊ ဂုဏ်ထူးဆောင်ပါမောက္ခ (ဦးထွန်းမြင့်) (YUFL) (ဆရာကြီးတက္ကသိုလ်မင်းမော်)၏ဇနီး ဆရာမကြီး ဒေါ်တင်တင်ဌေးသည် ၆-၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကြံခင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှလှ

**အသက်(၈၂)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်းကွင်းရပ်ကွက်နေ (ဦးအောင်ကျော်-ဒေါ်သန်းတင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၂၄/က)နေ (ဦးလှကျော်)၏ ဇနီး၊ ဦးစိုးမိုးကျော်-ဒေါ်နွယ်နီဝင်း၊ ဦးစိုးမိုးအောင်၊ ဦးမောင်မောင်ကျော်-ဒေါ်ချိုချိုမြင့်၊ ဦးအောင်ဇော်ဌေး-ဒေါ်စန္ဒာကျော်၊ ဒေါ်ရင်ရင်မြကျော်၊ ဦးမြင့်ရွှေကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဝင်းစန္ဒာနေ၊ မစမ်းစန္ဒာတင်၊ မအိဖြူဖြူကျော်၊ မချိုသူသူကျော်၊ မနှင်းရတနာကျော်၊ မောင်စိုးပြည့်ကျော်တို့၏ ချစ်လှစွာသောအဘွားသည် ၆-၁-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၀ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မျိုးဝင်း

**အသက်(၇၀)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်းမကြီး၊ (၅၂)လမ်းထောင့်၊ အမှတ်(၉၇)၊ အခန်း(၆၀၁)၊ ခြောက်လွှာနေ (ဦးကျော်ခင်-ဒေါ်မြလင်း)တို့၏ သမီး၊ (ဦးစိန်မြင့်)၏ ဇနီး၊ မဝေနှင်းဦး၊ ကိုဝေမျိုးဦး၊ မဟေမာန်ဦးတို့၏မိခင်ကြီး ဒေါ်ခင်မျိုးဝင်းသည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နုနုဝေ(ခ)မလေး (ငပလီ)

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ မြဓမ္မာရုံလမ်း၊ အမှတ်(၃၃)နေ ဦးစောမောင်၏ ဇနီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးကျော်လင်း-ဒေါ်တင်တင်နု၊ ဦးသိန်းမြတ်မိုး-ဒေါ်အေးအေးနု၊ တာမွေမြို့နယ်နေ ဦးအောင်နိုင်စော-ဒေါ်ဖြူဇာဝင်း၊ မဣန္ဒြာကျော်တို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ ဘွားဘွားကြီးသည် ၅-၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၂၀ (ကြာသပတေးနေ့)နံနက်တွင် အထက်ပါ ပတ္တမြားမြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ရုံးပိတ်ရက်အတွင်း ဘုရားဖူးများဖြင့် စည်ကား



**ပုဂံ ဇန်နဝါရီ ၆**

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရုံးပိတ်ရက်သုံးရက်အတွင်း ပြည်တွင်းဘုရားဖူးခရီးသွားများ အမြောက်အမြားလာရောက်လည်ပတ်ကြပြီး သမိုင်းဝင်နာမည်ကျော်ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အဦများတွင် ပြည်တွင်းဘုရားဖူးခရီးသည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ပြောကြား**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းဘုရား၊ ပုထိုး၊ သာသနိကအဆောက်အဦ သုံးထောင်ကျော်၊ နံရံဆေးရေးပန်းချီများ၊ ရှေးကျလွန်းလှသည့် ဗိသုကာလက်ရာများနှင့် လိုဏ်ဘုရားများတွင် မတူညီသည့် တည်ဆောက်ပုံ၊ တည်ထားပုံများကို လေ့လာဖူးမြော်ရသည့် ပုဂံဒေသသို့ ဘယ်နှစ်ခေါက်ရောက်ရောက် လေ့လာကြည့်ရှုမှတ်သားရသည်များ အားရသည်မရှိကြောင်း နတ်မောက်မြို့ ဘုန်းတော်ပြည့်ကျေးရွာမှ ဘုရားဖူးလာရောက်သည့် ဦးသန်းဝင်းထွန်းက ပြောကြားသည်။

**အမြဲမပြတ်လာရောက်လျက်ရှိ**

ပုဂံဒေသသည် ပြည်တွင်းဘုရားဖူးခရီးသွားများအပြင် ပြည်ပဧည့်သည်များလည်း အမြဲမပြတ်လာရောက်လျက်ရှိရာ ရောက်ရှိလာသူတိုင်း အလွန်ကျယ်ဝန်းပြီး တစ်နေရာတည်းနှင့် စုစုစည်းစည်း ရှေးဟောင်းအဆောက်အဦများ တွေ့ရှိရသည်မှာ အံ့ဩစရာကောင်းကြောင်း ပုဂံ-ညောင်ဦးနှင့် **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ❁

## မတ်လတွင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အချိန်ယူပြင်ဆင်မည်



ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရထားသည့် မြန်မာအသင်း။

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် မတ်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် ရလဒ်ကောင်းများ ရယူနိုင်ရန် အချိန်ယူပြင်ဆင်သွားမည် ဖြစ်သည်။

**ရလဒ်ကောင်းများရရှိနေ**

မြန်မာ့လက်ရွေးစင်အသင်းသည် နည်းပြသစ် အန်တွမ်နီဟေးလက်ထက်တွင် ရလဒ်ကောင်းများရရှိနေပြီး လက်ကျန်ပွဲများတွင် ထပ်မံရလဒ်ကောင်းရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖

## ၂၀၂၁ ချာရတီဖလားပြိုင်ပွဲ ကျင်းပမည့်ကွင်းကို မြန်မာနေရှင်နယ်လိဂ်ကော်မတီ သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၁ ချာရတီဖလားပြိုင်ပွဲလက်ခံကျင်းပမည့်ကွင်းကို သတ်မှတ်လိုက်သည်။

**အိမ်ကွင်းလက်ခံကျင်းပမည်**

၂၀၂၀ ရာသီ MNL ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်း ၁၂ သင်းအနက် ကိုးသင်းမှာ အိမ်ကွင်းလက်ခံကျင်းပမည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံဖြစ်သည့်အသင်းကို ဦးစားပေးသည့်အနေဖြင့် ၂၀၂၁ ချာရတီဖလားပြိုင်ပွဲကို အိမ်ကွင်း၌ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ■


## ကြေးမုံ ယနေ့ ဖတ်စရာ

**စီပီယူများနှင့် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း** စာမျက်နှာ » ၆

**ဗြိတိန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ရရှိရန် ဂျပန်လိုလား**





စာမျက်နှာ » ၁၂

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို သတ်ပေးနိုင်လျှင် ဒေါ်လာ သန်း ၈၀ ပေးမည်ဟု အီရန်က ဆုကြေးငွေထုတ်** စာမျက်နှာ » ၁၃

**ရွှေကမ္ဘာလုံးဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော ကိုရီးယားရုပ်ရှင် Parasite** စာမျက်နှာ » ၁၈



